# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)


၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်၊ သောကြာနေ့။ Friday, 5 December 2025 ၁၂၀၂၂


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးမြို့ မဟာမုနိဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအား ပြန်လည်ပြုပြင်မွမ်းမံနေမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါ၍

စာမျက်နှာ ၄ ကော်လံ ၁ သို့ ★



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မဟာမုနိဘုရားကြီးတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအား ရေးမူမပျက် ပြန်လည်ပြုပြင် တည်ဆောက်မွမ်းမံနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။


## ယနေ့ ဖတ်စရာ

**အာဆီယံဒေသတွင်း ခေတ်မီစံပြကျေးရွာများ ထူထောင်ခြင်းမှတစ်ဆင့် ကျေးလက်ဒေသ အသွင်ကူးပြောင်းခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ**
စာမျက်နှာ » ၅

**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့၏ (၃၁)ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ**
စာမျက်နှာ » ၁၀

**အနာဂတ် ပြန်လည်တည်ဆောက်နိုင်မည့် စွမ်းရည်အခြေခံပညာရေး**
ဆောင်းပါး စာမျက်နှာ » ၆

**တရုတ်နိုင်ငံသားများအား ပြည်ဝင်ခွင့်ဗီဇာ ကင်းလွတ်ခွင့်ပြုသည့်အမိန့် ရုရှားအတည်ပြု**
စာမျက်နှာ » ၁၃

**ပြည်တွင်းထုတ်ဓာတ်ဆီများအား စျေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိ**
စာမျက်နှာ » ၁၆

ကြေးမုံ

# ပြည်သူလူထုကောင်းကျိုးများရှေးရှု ရွေးကောက်ပွဲအောင်မြင်ရေးကြိုးပမ်း

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ဒီဇင်ဘာလ ၃ ရက်နေ့က ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပခဲ့သည်။ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့ရာ "တပ်မတော်အနေနဲ့လည်း ယနေ့အချိန်အထိ မယိမ်းမယိုင်ရပ်တည်နိုင်ခြင်းဟာ ခေတ်အဆက်ဆက် တပ်မတော်သားတွေရဲ့ စည်းကမ်းလိုက်နာမှုနဲ့ အမိန့်နာခံတတ်မှုတို့ကြောင့်ပဲဖြစ်တယ်။ ဒါ့ကြောင့် ဒို့တပ်မတော်ရဲ့ အစဉ်အလာကောင်းတွေကို လက်ဆင့်ကမ်းထိန်းသိမ်းကြရမယ့် ရဲဘော်တို့ဟာ စည်းကမ်းအရာမှာ စံနမူနာပြ လိုက်နာကြဖို့လိုတယ်"ဟု ပြောကြားခဲ့သည်။

တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ပြည်သူထဲမှ မွေးဖွားလာသော တပ်မတော်သားများဖြင့် ဖွဲ့စည်းထူထောင်ထားသော တစ်ခုတည်းသော တပ်မတော်ဖြစ်သည်။ တပ်မတော်၏ အဓိကတာဝန်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်သော်လည်း ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေးကာကွယ်စောင့်ရှောက်လျက်ရှိသည်။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဆိုးရွားစွာပြုလုပ်ခဲ့သည့် မဲမသမာမှုများကြောင့် တပ်မတော်က အမျိုးသားနိုင်ငံရေးတာဝန်များကို ထမ်းဆောင်ခဲ့ရသည်။ ထိုသို့ထမ်းဆောင်ချိန်တွင် အကြမ်းဖက် NUG, CRPH အဖွဲ့များက တပ်မတော်အနေဖြင့် ဒီမိုကရေစီကို နောက်ပြန်ဆွဲလုပ်ဆောင်နေသယောင် ဝါဒမှိုင်းတိုက်ပြီး လူငယ်၊ လူရွယ်များအား လွဲမှားသည့်မျှော်လင့်ချက်များနှင့်အတူ အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်ဆီသို့ တွန်းပို့ပေးခဲ့ကြသည်။ အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်များကြောင့် မျှော်မှန်းတည်ဆောက်နေသည့် ပြည်ထောင်စုကြီးအတွက် လူ့စွမ်းအားအရင်းအမြစ် ဆုံးရှုံးမှုများကို စိတ်မကောင်းဖွယ် ကြုံတွေ့ခဲ့ရသည်။ လက်နက်ကိုင်လမ်းစဉ်ဖြင့် ဖြေရှင်းခြင်းသည် နှစ်ပေါင်း ၇၀ ကျော်ကြာသည်အထိ မည်သည့်ရလဒ်မျှ မထွက်သည်ကို သင်ခန်းစာယူဖို့လိုသလို ဒီမိုကရေစီနောက်ပြန်ဆွဲခြင်းသည် လက်နက်ကိုင်လမ်းစဉ်ကြောင့်ဖြစ်သည်ကို အမှန်ကိုအမှန်အတိုင်း ရှုမြင်ကြဖို့ လိုအပ်ချိန်ရောက်နေသည်ကို သတိပြုကြဖို့လိုမည်ဖြစ်သည်။

ထို့ကြောင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကိုရှေးရှုပြီး PDF အပါအဝင် လက်နက်ကိုင်အဖွဲ့များအားလုံးအနေဖြင့် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာရန် နိုင်ငံတော်က ကြိုဆိုဖိတ်ခေါ်လျက်ရှိသည်။ တစ်ဖက်တွင် နိုင်ငံရေးဖြစ်စဉ် အကြောင်းတရားများကို လက်ညှိုးထိုးပြီး NCA တွင် လက်မှတ်ရေးထိုးခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့သည် ရှိထားပြီးသား ကတိကဝတ်များကို ချိုးဖောက်ကာ ငြိမ်းချမ်းရေးလမ်းကြောင်းကို သွေဖည်မှုများ ပြုလုပ်ခဲ့ကြသည်။ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ကြုံတွေ့ခဲ့ရသည့် ဖြစ်စဉ်များအပေါ်အခြေခံပြီး တပ်မတော်အနေဖြင့် မူဝါဒ (၆)ချက်ကို ရှင်းလင်းတိကျစွာပြဋ္ဌာန်းထားသည်။ ငြိမ်းချမ်းရေးဆိုသည်မှာ တွေ့ဆုံဆွေးနွေးအဖြေရှာမှ ရရှိနိုင်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သည့်အခါ ဖြစ်ချင်သည်များကို ပြောဆိုနေမည့်အစား ဖြစ်သင့်သည်များကိုပြောဆိုပြီး ဖြစ်နိုင်သည်များကို ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

လက်တွေ့ကျပြီး အောင်မြင်ခိုင်မာသည့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ ကောင်းကျိုးများကို ရှေးရှုဆောင်ရွက်နိုင်မည်ဖြစ်သည်။ နိုင်ငံ၏ ကာကွယ်ရေး ရည်မှန်းချက်တာဝန်များတွင် "နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတွင် ပြည်ပအမှီအခိုကင်းစွာဖြင့် ပြည်တွင်းအင်အားစုများကိုအခြေခံ၍ ပြည်သူတစ်ရပ်လုံးပါဝင်သည့် ခေတ်မီကာကွယ်ရေးစနစ် ကြိုးပမ်းဖော်ဆောင်ရန်" ဖော်ပြပါရှိသည်။ လက်ရှိ ပထဝီနိုင်ငံရေးအခြေအနေနှင့် ဖြစ်ပျက်နေသည့် နိုင်ငံတကာအခြေအနေများအပေါ် မူတည်ပြီး မြန်မာနိုင်ငံအပါအဝင် နိုင်ငံငယ်များ၏ ကာကွယ်ရေး၊ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးသည် ပြည်သူလူထုတစ်ရပ်လုံးပါဝင်သည့် အင်အားစုများနှင့် တည်ဆောက်နိုင်မှသာ ခိုင်မာမှုရှိမည်ဖြစ်သည်။

မကြာမီကာလတွင် လွတ်လပ်ပွင့်လင်းပြီး တရားမျှတသည့်ရွေးကောက်ပွဲ၊ သိက္ခာရှိသောရွေးကောက်ပွဲအဖြစ် အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်နေချိန်တွင် နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းအချို့က ရွေးကောက်ပွဲအဟန့်အတားဖြစ်စေရေး နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်နေကြသည်ကို သတိပြုရမည်ဖြစ်သည်။ သို့ဖြစ်ရာ ပြည်သူလူထု၏ ကောင်းကျိုးများကိုရှေးရှု၍ ပြည်သူလူထုဆန္ဒဖြစ်သည့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် အဖျက်အမှောင့်သမားများကို တပ်မတော်နှင့်အတူ လက်တွဲတိုက်ဖျက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## ဟုမ္မလင်းမြို့၌ လက်သမားသင်တန်းဖွင့်လှစ်

ဟုမ္မလင်း ဒီဇင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမားသင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီက ဟုမ္မလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ဟုမ္မလင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်ယုမေက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါ သင်တန်းကို ဒီဇင်ဘာ ၃ ရက်မှ ၁၇ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သာယာဝတီမြို့နယ်၌ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်

သာယာဝတီ ဒီဇင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်အောက်ရှိ သာယာဝတီ မိခင်ကလေးကျန်းမာရေးဌာနသည် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကိုယ်ဝန်ဆောင်မိခင်များအား ဆုံဆို့မေးခိုင်ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ကလေးငယ်များအား အသက်အလိုက် ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကျန်းမာရေးအသိပညာများမြှင့်တင်ပေးခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ၄ - ၁၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၄ - ၁၂ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၆၀၀ | ၂၈၂ | ၂,၄၀၄,၀၀၀ |
| MTSH | ၃,၆၀၀ | ၃,၇၅၀ | ၅,၆၀၁ | ၂၁,၁၇၇,၂၀၀ |
| MCB | ၈,၀၀၀ | ၈,၃၀၀ | ၄,၉၁၁ | ၄၀,၂၀၈,၈၀၀ |
| FPB | ၂,၃၀၀ | ၂,၃၀၀ | ၁,၃၃၁ | ၃,၀၆၁,၃၀၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၃၂၁ | ၉၆၃,၀၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၆၃၃ | ၁,၀၄၆,၁၅၀ |
| AMATA | ၃,၆၅၀ | ၃,၆၅၀ | ၁၄၁ | ၅၁၄,၆၅၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၉၅၂ | ၂,၉၅၁,၁၅၀ |
| MADPL(PLB) | ၂,၇၀၀ | ၂,၆၅၀ | ၂,၆၀၀ | ၆,၈၉၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ)ရုံး အဆောက်အအုံသစ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ)ရုံးအဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ)ရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စု ဝန်ကြီးများနှင့် အဆင့်တူပုဂ္ဂိုလ်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှတာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ)ရုံးအဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ)ရုံး အဆောက်အအုံသစ် နေရာသို့ ရောက်ရှိရာ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ)ရုံး အဆောက်အအုံသစ်အားကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ)ရုံးအဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ)အဆောက်အအုံသစ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး ကော်မရှင်အတွင်းရေးမှူးတွဲဖက်အမှုဆောင်ချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ်ဒုတိယပိုင်းကိုဆက်လက်ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ)၏ သမိုင်းကြောင်းနှင့် အဆောက်အအုံတည်ဆောက်ပြီးစီးမှုအား Video Clip ဖြင့် ရှင်းလင်းတင်ပြ၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) အဆောက်အအုံသစ်နှင့် သက်ဆိုင်သည့် လွှဲပြောင်းမှတ်တမ်းစာအုပ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေထံသို့လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) အဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ် အမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။ **စာမျက်နှာ ၄ သို့ »»**



မဟာမုနိဘုရားကြီး မကိုဋ်တော် တိမ်းစောင်းခြင်း မှတ်တမ်းဓာတ်ပုံ



မဟာမုနိဘုရားကြီး မကိုဋ်တော် တိမ်းစောင်းခြင်းအား ပြုပြင်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ



နောက်ကျောတော်(အောင်မြေ)နေရာ တိုင်ခုနစ်တိုင် ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ



အနောက်ဘက်(အောင်မြေ)နေရာ တိုင်ခုနစ်တိုင် ပြုပြင်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ

★ **ရွှေဖုံးမှ**

ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မဟာမုနိဘုရားကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် သာသနိကအဆောက်အအုံများအား ရှေးမူမပျက် ပြန်လည်တည်ဆောက်ပြုပြင်မွမ်းမံနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ဖူးမြော်ကြည်ညို**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် မဟာမုနိဘုရားကြီးသို့ ရောက်ရှိကြပြီး ဘုရားဖူးလာမိဘပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟာမုနိဘုရားကြီးအား ဖူးမြော်ကြည်ညိုစဉ်။

ကော်မရှင်ဥက္ကဋ္ဌ နှင့်ဇနီး၊ အဖွဲ့ဝင်များသည် မဟာမုနိဘုရားကြီးအား မြသပိတ်ဆွမ်းတော်၊ သစ်သီးဆွမ်းတော်နှင့် ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မဟာမုနိဘုရားကြီးအား လက်ယာရစ်လှည့်လည်၍ ဘုရားကြီးရှိ သာသနိကအဆောက်အအုံများတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအား ရှေးမူမပျက် ပြန်လည်ပြုပြင် တည်ဆောက်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ၊ အသစ် တည်ဆောက်ရသည့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စနစ်တကျဖြစ်စေရေး တွက်ချက်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**အလှူတော်ငွေများလှူဒါန်း**

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့က ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် စုပေါင်း အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

**လမ်းညွှန်မှာကြား**

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်ပလှူဖွယ်ပစ္စည်းများ ပြခန်းနှင့် ချိတ်ဆွဲရတနာခန်းမသို့ရောက်ရှိပြီး ငလျင်ဘေးဒဏ်ဖြစ်ပေါ်ချိန်တွင် ပြင်းထန်သော လှုပ်ခတ်မှုများကြောင့် မြေခခဲ့ရသည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့၌ စေတနာရှင် အများပြည်သူများလှူဒါန်းထားရှိသည့် ရတနာရွှေငွေကျောက်သံပတ္တမြားနှင့် စိန်ဖူးတော်များ၊ ငှက်မြတ်နားတော်၊ ရတနာရွှေအိုးနှင့် ဆည်းလည်းကိုးခိုင်၊ နတ်မင်းကြီးလေးပါး၊ ဗွန်းလေးဘုံ၊ ဆပ်သွားဖူးတော်၊ ထီးတော်ကြီး ဘုံကိုးဆင့်တို့အား ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ဘုရားစောင်းတန်းနေရာသို့ရောက်ရှိပြီး ဘုရားစောင်းတန်းများသည် ဘုရားဖူးလာမိဘပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် သွားလာနိုင်ရန် ဆောင်ရွက် ပေးထားခြင်းဖြစ်သဖြင့် စနစ်တကျဖြစ်ရန်လိုကြောင်း တာဝန်ရှိသူများအား လမ်းညွှန်မှာကြားပြီး ဘုရားဖူးလာရောက်ကြသည့် ဘုရားဖူးလာမိဘပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘုရားဖူးလာမိဘပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

»»» **စာမျက်နှာ ၃ မှ**

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ) အဆောက်အအုံသစ်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနား အပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) အဆောက်အအုံသစ်တည်ဆောက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ် အနေဖြင့် ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြောင်းလဲလာသည့် ခေတ်စနစ်များနှင့်အညီ ရည်မှန်းချက်၊ ရည်ရွယ်ချက်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ငွေရေးကြေးရေးကဏ္ဍကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေဖြင့် ပိုမိုထိရောက်စွာ ကြီးကြပ်ထိန်းကျောင်းဆောင်ရွက်နိုင်ရေး၊ ဒေသအသီးသီး၏ ဖွံ့ဖြိုးမှုတွင် ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးမှုကိုပါ တစ်ပါတည်း ဖော်ဆောင်နိုင်ရေးနှင့် နယ်စပ်ဒေသအပါအဝင် ဒေသအသီးသီးတွင် Financial Inclusion ကို ပိုမိုဖော်ဆောင်ရန်နှင့် ကြီးကြပ်ထိန်းကျောင်းမှုကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်အရ နိုင်ငံ၏ စီးပွားရေးအချက်အချာကျသည့် မန္တလေးမြို့တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ)ရုံး အဆောက်အအုံသစ်ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် ဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါမြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) ရုံး အဆောက်အအုံသစ်သည် နိုင်ငံတကာ ဗဟိုဘဏ်အဆင့်မီ အဆောက်အအုံ အင်္ဂါရပ်များနှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံဒေသတွင်း ခေတ်မီစံပြကျေးရွာများထူထောင်ခြင်းမှတစ်ဆင့် ကျေးလက်ဒေသ အသွင်ကူးပြောင်းခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

အသိပညာမျှဝေမှုကို မြှင့်တင်ရန်၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို အားပေးရန်နှင့် အာဆီယံ တစ်ဝန်းလွှမ်းခြုံနိုင်သည့် ရေရှည်တည်တံ့သော ကျေးလက်ဒေသ အသွင်ကူးပြောင်းမှုကို အရှိန်မြှင့် တင်နိုင်ရေးအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာဆီယံဒေသတွင်း ခေတ်မီစံပြကျေးရွာများ ထူထောင်ခြင်းမှတစ်ဆင့် ကျေးလက်ဒေသ အသွင် ကူးပြောင်းခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ပိုင်းက ရန်ကုန်မြို့ THE ERAVATI SULE GRAND ဟိုတယ်ရှိ Grand Ballroom ၌ ကျင်းပသည်။




အလုပ်ရုံဆွေးနွေးပွဲသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးလှမိုး၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတ ရေးရာဝန်ကြီး ဦးဇော်ဝင်း၊ သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံအတွင်းရေးမှူးချုပ် ရုံးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ် များ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပအစိုးရမဟုတ် သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက် ကြသည်။

ဦးစွာ အခမ်းအနားကို နိုင်ငံတော်သီချင်းနှင့် အာဆီယံသီချင်း သီဆိုကာ ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသ အသွင်ကူးပြောင်း ရေးအား Myanmar Comprehensive Sustainable Development Plan နှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးဆောင်ဝန်ကြီးဌာန ဖြစ်သည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာနသည် ကျေးလက်နေပြည်သူ လူဦးရေ ၆၉ ရာခိုင်နှုန်းအတွက် ကျေးလက်ဒေသအသွင်ကူးပြောင်း ရေးအား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် Territorial Rural Development approach ကို လက်တွေ့အကောင် အထည်ဖော်သည့်အနေဖြင့် SMART Village စီမံကိန်း မှတစ်ဆင့် ကျေးလက်အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေး၊ သွင်းအားစုများနှင့် ငွေကြေးဝန်ဆောင်မှု များ ထောက်ပံ့ကူညီခြင်း၊ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားရေးမြင့်မားစေခြင်း၊ အသင်းအဖွဲ့များ ခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်း၊ လူမှုကာကွယ်စောင့်ရှောက် ရေးနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး စသည့် ကဏ္ဍကြီးခြောက်ရပ်အား ဆောင်ရွက်လျက် ရှိကြောင်း၊ ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကျေးလက်အသွင် ကူးပြောင်းရေး ဆောင်ရွက်ချက်များ၏ အတွေ့အကြုံ ကောင်းများ၊ အလေ့အကျင့်ကောင်းများ၊ အောင်မြင် စေနိုင်သည့်အချက်များ၊ ထပ်ပေါင်းထပ်ပွား ဆောင် ရွက်နိုင်သည့် နည်းလမ်းများ၊ လက်တွေ့မြေပြင် တွင် ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ဆွေးနွေး မျှဝေသွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြား သည်။

ယင်းနောက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ် ဦးစံလွင်ထံမှ ပေးပို့သော အမှာစကား(Pre-Recorded Remark Video)နှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်း စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းဗီဒီယို ကိုပြသသည်။

ဆက်လက်၍ ActionAid မှ Country Director ဖြစ်သူ Mr. Shihab Uddin Ahamad က Rethinking Rural Development in a Transforming ASEAN ခေါင်းစဉ်ဖြင့် Key Note Speech ဆွေးနွေးပြောကြား ပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ထို့နောက် တက်ရောက်ကြသည့် အာဆီယံအဖွဲ့ ဝင်နိုင်ငံများမှ ကိုယ်စားလှယ်က စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် အာဆီယံဒေသတွင်း ကျေးလက် ဒေသအသွင်ကူးပြောင်းမှုဆိုင်ရာများ၊ ဆန်းသစ် တီထွင်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖြင့် ကျေးလက်စီးပွားမြှင့်တင်ရေးဆိုင်ရာများ၊ ချိတ်ဆက်မှုအားကောင်းသော အနာဂတ်တစ်ခု တည်ဆောက်ခြင်းဆိုင်ရာများ၊ ကြံ့ကြံ့ခိုင်သော အနာဂတ်အတွက် ကျေးလက်လူထုအား စွမ်းဆောင် ရည်မြှင့်တင်ခြင်းဆိုင်ရာများကို Panel Session လေးခုခွဲကာ ဆွေးနွေးမှုများ ဆက်လက်ကျင်းပ သည်။

အဆိုပါ အာဆီယံဒေသတွင်း ခေတ်မီစံပြ ကျေးရွာများထူထောင်ခြင်းမှတစ်ဆင့် ကျေးလက် ဒေသအသွင်ကူးပြောင်းခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၅ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၅ ရက် မွန်းလွဲပိုင်းတွင် လှည်းကူးမြို့နယ် ရဲမွန်စံပြကျေးရွာသို့လည်းကောင်း၊ ဟင်းသီး ဟင်းရွက်နှင့် သစ်သီးဝလံသုတေသနစင်တာသို့ လည်းကောင်း၊ မြန်မာ့လက်မှုပညာစင်တာသို့လည်း ကောင်း လေ့လာရေးခရီး သွားရောက်ကြမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# မွန်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်လွှတ်တော်ရုံး အဆောက်အအုံအား ကြည့်ရှုစစ်ဆေး

**မော်လမြိုင် ဒီဇင်ဘာ ၄**

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ဘိုကုန်းရပ်ကွက် ရှိ မွန်ပြည်နယ်လွှတ်တော်ရုံးသို့ ရောက်ရှိပြီး လွှတ်တော်ရုံးအဆောက်အအုံ ပရိဝုဏ်အတွင်း၊ အပြင် သန့်ရှင်းသပ်ရပ် စနစ်တကျရှိစေရေး ဆောင်ရွက်ထား ရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်ဝန်ကြီးချုပ် က ရုံးသုံးပရိဘောဂပစ္စည်းများ စနစ်တကျထိန်းသိမ်း ထားရှိအသုံးပြုရေး၊ ရုံးစာရွက်စာတမ်းများ လုံခြုံ စိတ်ချစွာ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မကြာမီ ကာလအတွင်း လွှတ်တော်အစည်းအဝေးများ စတင်ကျင်းပတော့မည်ဖြစ်သဖြင့် လိုအပ်သည် များကို ကြိုတင်ဆောင်ရွက်ထားကြရန် မှာကြား သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မွန်ပြည် နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၊ ဆွေးနွေးပွဲ ခန်းမ၊ ဧည့်ခန်းမဆောင်နှင့် နားနေခန်းဆောင်များကို လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

ထို့ပြင် မွန်ပြည်နယ်အစိုးရအဖွဲ့၏ စီမံဆောင် ရွက်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ဆန်စက်လုပ်ငန်းရှင် များအသင်း၊ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင် များအသင်းတို့ ပူးပေါင်းပြီး စားသောက်ကုန်ပစ္စည်း များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက် ရှိရာ မွန်ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ နှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက မော်လမြိုင်တက္ကသိုလ်တွင် ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူ၊ ထုတ်လုပ်၊ ဖြန့်ဖြူးသူများနှင့် ဆန်စက်၊ ဆီစက်လုပ်ငန်းရှင်များ၊ ကုန်သည်များမှ ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက် များအား သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချ ပေးနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

# လှိုင်ကော်မြို့၌ နှစ်ရှည်သီးနှံနှင့် ဟင်းသီးဟင်းရွက် စံပြစိုက်ခင်းများ အကောင်အထည်ဖော် ဆောင်ရွက်

**လှိုင်ကော် ဒီဇင်ဘာ ၄**

ကယားပြည်နယ် အစိုးရအဖွဲ့ အနေဖြင့် ပြည်နယ်၏ စိုက်ပျိုးရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အလေးထားကြိုးပမ်းဆောင်ရွက် လျက်ရှိရာ ယနေ့နံနက်ပိုင်း က ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ် ဝန်ကြီးများနှင့်အတူ လှိုင်ကော် မြို့ နောင်ယား(က) ရပ်ကွက်ရှိ နှစ်ရှည်သီးနှံများနှင့် ဟင်းသီး ဟင်းရွက်စံပြစိုက်ခင်း စိုက်ပျိုး ထားရှိမှုကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟင်းသီး ဟင်းရွက် စံပြစိုက်ခင်းအတွင်း နှစ်ရှည်သီးနှံများ၊ ပေါင်တင်နှင့် စင်တင်သီးနှံများ စိုက်ပျိုးထားရှိ မှုနှင့် အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ပြည်နယ် ဝန်ကြီးချုပ်က တောင်သူ အသိ ပညာပေးလုပ်ငန်းများ ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်ပေးရန်၊ တောင်သူများ ခေတ်မီစိုက်ပျိုး နည်းစနစ်များကို အသုံးပြုစိုက်ပျိုး နိုင်အောင်သုတေသနလုပ်ငန်းများ ကို စဉ်ဆက်မပြတ် ဆောင်ရွက် ရန်နှင့် ဟင်းသီးဟင်းရွက်များ ပြည်နယ်အတွင်း စားသုံးမှုဖူလုံပြီး ပြည်နယ်ပြင်ပသို့ တင်ပို့နိုင်သည် အထိ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကူညီ ဆောင်ရွက်ပေးရန် တာဝန်ရှိသူ များအား မှာကြားသည်။

အဆိုပါ ဟင်းသီးဟင်းရွက် စံပြစိုက်ခင်းတွင် နှစ်ရှည်သီးနှံများ ဖြစ်သည့် ငှက်ပျော၊ မာလကာ၊ သဘော်၊ နာနတ်စိုက်ခင်းများ၊ ပေါင်တင်စိုက်ပျိုးသီးနှံများ ဖြစ် သည့် ခရမ်း၊ ငရုတ်၊ မုန်လာ၊ မုန်ညင်း၊ ရုံးပတီစိုက်ခင်းများနှင့် စင်တင် စိုက်ပျိုးသီးနှံများဖြစ်သည့် ဘူး၊ ဖရုံ၊ ဂေါ်ရခါး၊ ကြက်ဟင်းခါး၊ ပဲစောင်းလျား၊ တိုင်ထောင်ပဲ စသည့် သီးနှံစိုက်ခင်းများ စိုက်ပျိုး ထားရှိပြီး တောင်သူအသိပညာ ပေး သရုပ်ပြ လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# အနာဂတ် ပြန်လည်တည်ဆောက်နိုင်မည့် စွမ်းရည်အခြေခံပညာရေး

ကိုချင်း

**စွမ်းရည်အခြေခံပညာရေး (Skill-Based Education)** ဆိုတာဟာ ကျောင်းသား ကျောင်းသူတွေကို လက်တွေ့ဘဝနဲ့ လုပ်ငန်းခွင်တွေမှာ တိုက်ရိုက်အသုံးချနိုင်တဲ့ **တိကျတဲ့ စွမ်းရည်တွေ (Practical Skills) တိုးတက်လာစေဖို့ အဓိကထား သင်ကြားပေးတဲ့စနစ်တစ်ခု** ဖြစ်ပါတယ်။

**သမားရိုးကျပညာရေး** ဆိုတာ **သီအိုရီဆိုင်ရာ အသိပညာ၊ အချက်အလက်နဲ့ အကြောင်းအရာတွေ**ကိုမှတ်သားဖို့အလေးပေးလေ့ရှိပေမယ့် **စွမ်းရည်အခြေခံပညာရေး (Skill-Based Education)** မှာတော့ ထိုအသိပညာတွေကို လက်တွေ့အကောင်အထည်ဖော်နိုင်တဲ့ **လုပ်ဆောင်နိုင်စွမ်း (Competency) နဲ့ ကျွမ်းကျင်မှု (Proficiency)** တို့ကို ပိုမိုအာရုံစိုက်ပြီး သင်ကြားပေးတာ ဖြစ်ပါတယ်။

**စွမ်းရည်အခြေခံပညာရေး (Skill-Based Education) ရဲ့ အဓိကအချက်များ**

- ❖ **လက်တွေ့ကျမှု။** စာသင်ခန်းထဲမှာ သင်ယူထားတဲ့ အသိပညာတွေကို လက်တွေ့ကိစ္စရပ်တွေ၊ စီမံကိန်းတွေ (Projects) နဲ့ ပြင်ပအခြေအနေတွေမှာ အသုံးချနိုင်ဖို့ လေ့ကျင့်ပေးမှာ ဖြစ်ပါတယ်။
- ❖ **စွမ်းဆောင်ရည်ကို အာရုံစိုက်ခြင်း (Focus on Competency)။** ကျောင်းသားတွေဟာ သတ်မှတ်ထားတဲ့ အချိန်ကာလတစ်ခုကို ရောက်ရှိသွားလို့ သင်ရိုးပြီးဆုံးခြင်းထက် သတ်မှတ်ထားတဲ့ စွမ်းရည်ကို ပိုင်ဆိုင်နေပြီဖြစ်ကြောင်း သက်သေပြနိုင်မှသာ နောက်တစ်ဆင့်ကို တက်ရောက်ခွင့်ရရှိမှာ ဖြစ်ပါတယ်။ (တစ်ဦးချင်းအနေနဲ့ တိုးတက်မှု (Self-paced Progress) နှုန်းထားတွေ ရရှိလာနိုင်ပါတယ်)။
- ❖ **လုပ်ငန်းခွင်နှင့် ဆက်စပ်မှု။** ခေတ်မီလာတဲ့ အလုပ်အကိုင်ဈေးကွက်ရဲ့ လိုအပ်ချက်တွေ **(ဥပမာ - ဝေဖန်ပိုင်းခြား တွေးခေါ်မှု၊ ပြဿနာဖြေရှင်းမှု၊ ဆက်သွယ်ပြောဆိုမှု၊ ပူးပေါင်းဆောင်ရွက်မှုစတဲ့ ၂၁ ရာစု စွမ်းရည်တွေ)** ကို တိုက်ရိုက်ဖြည့်ဆည်းပေးဖို့ ရည်ရွယ်ပါတယ်။
- ❖ **လက်တွေ့သင်ယူမှု။ ဆွေးနွေးပို့ချချက်တွေ**သာ မဟုတ်ဘဲ **လက်တွေ့လုပ်ဆောင်ခြင်း၊ အခန်းကဏ္ဍခွဲပြီး ဆောင်ရွက်ခြင်းနဲ့ စမ်းသပ်မှုတွေ**ကို အသုံးပြုပါတယ်။

ဒါကြောင့် စွမ်းရည်အခြေခံပညာရေးဟာ ကျောင်းသားတွေကို လက်တွေ့ဘဝမှာ အောင်မြင်စွာ ရင်ဆိုင်နိုင်ဖို့အတွက် လိုအပ်တဲ့ ကျွမ်းကျင်မှုတွေ ပေးစွမ်းနိုင်ရေးကို ပိုမိုရည်ရွယ်တဲ့ ခေတ်ရေစီးကြောင်း တစ်ခု ဖြစ်ပါတယ်။

**စွမ်းရည်အခြေခံပညာရေးနဲ့ သမားရိုးကျပညာရေး ကွာခြားချက်**

| အချက် | စွမ်းရည်အခြေခံ ပညာရေး | သမားရိုးကျ ပညာရေး |
|---|---|---|
| **အဓိကအာရုံစိုက်မှု** | လက်တွေ့ကျသော စွမ်းရည်များနှင့် စွမ်းဆောင်နိုင်စွမ်း | သီအိုရီ အသိပညာနှင့် အချက်အလက်များ |
| **သင်ကြားမှုပုံစံ** | လက်တွေ့ လုပ်ဆောင်မှု၊ ပရောဂျက် | ဆွေးနွေးပို့ချခြင်း၊ စာဖတ်ခြင်း |
| **စစ်ဆေးပုံ** | စွမ်းရည်ကို လက်တွေ့သရုပ်ပြခြင်း လုပ်ဆောင်ချက် အခြေခံ | စာမေးပွဲ စစ်ဆေးမှုများ (Exam) |
| **ရလဒ်** | လုပ်ငန်းခွင်အတွက် အသင့်ဖြစ်မှု | ကျယ်ပြန့်သော အသိပညာ |

**(National Skills Standards Authority - NSSA) ကျွမ်းကျင်လက်မှတ်မှ အခွင့်အလမ်း အသစ်တစ်ခု**

မြန်မာနိုင်ငံမှာ တက္ကသိုလ်ဝင်တန်းကို အောင်မြင်ခဲ့ရင် ဘဝအောင်မြင်သွားမယ်လို့ မိဘ၊ သားသမီးအများစုက ယုံကြည်လာကြတာ သက်တမ်းကြာရှည်ခဲ့ပါပြီ။ အဲဒီလို အိပ်မက် သဘောထားတွေက တစ်စိတ်တစ်ဒေသအနေနဲ့ မှန်ကန်ပေမယ့် **တက္ကသိုလ်ဝင်တန်း မအောင်မြင်သူတစ်ယောက်ဟာ ဘဝအောင်မြင်နိုင်စွမ်း ပျောက်ကွယ်သွားတယ်ဆိုတဲ့ ယုံကြည်ချက်က အမှန်မဟုတ်တော့တဲ့ ခေတ်အခါတစ်ခု**ကို မြန်မာနိုင်ငံက ကျော်ဖြတ်လာနေပါပြီ။

ခိုင်မာအားကောင်းတဲ့ အလုပ်အကိုင်ဈေးကွက်၊ တိုးတက်ပြောင်းလဲနေတဲ့ စက်မှုထုတ်လုပ်ရေး၊ မြင့်မားလာတဲ့ နိုင်ငံတော်ဖွံ့ဖြိုးရေး လိုအပ်ချက်တွေအရ လက်တွေ့ကျကျ ကျွမ်းကျင်တတ်မြောက်ကြသူလို့ခေါ်တဲ့ လူသားအရင်းအမြစ်အမျိုးအစားဟာ ဒီနေ့ခေတ် အလုပ်အကိုင်ဈေးကွက်အတွက် အလွန်အင်မတန် အရေးကြီးလာနေပါပြီ။

ဒီလိုအခြေအနေတွေကြားမှာ တက္ကသိုလ်ဝင်တန်း မအောင်မြင်သေးတဲ့သူတွေကို လုပ်ငန်းခွင်လမ်းမပေါ် သေချာပေါက် ပြန်လည်လျှောက်လှမ်းစေနိုင်မယ့် အကြောင်းအရာတစ်ခု ရှိပါတယ်။ ဒါကတော့ မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority - NSSA) ကျွမ်းကျင်မှုလက်မှတ်ပဲ ဖြစ်ပါတယ်။

ဒီ NSSA လက်မှတ်က အတန်းပညာမပြီးမြောက်သူများတောင် တက်တက်ကြွကြွနဲ့ ဆောင်ရွက်ပါက ကျွမ်းကျင်သူ (Skilled Worker)၊ ကြီးကြပ်သူ (Supervisor)၊ နည်းပညာကျွမ်းကျင်သူ (Technician) တွေအထိ ဖြစ်နိုင်ပြီး ပြည်တွင်းပြည်ပ အလုပ်အကိုင်ဈေးကွက်ထဲက အလွန်ကြီးမားတဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးလို့ တကယ့်လက်တွေ့ဘဝကို ပြောင်းလဲစေနိုင်မယ့် လမ်းတစ်ခုဆိုတာ အများပြည်သူတို့ သိရှိနားဝင်သွားဖို့ လိုအပ်တဲ့ အချိန်အခါပါပဲ။

တက္ကသိုလ်ဝင်တန်း မအောင်မြင်သေးတာကြောင့် **"ကျွမ်းကျင်မှုတွေကို ပြသနိုင်မယ့် နေရာမရှိတော့ဘူး"** လို့ မထင်ပါနဲ့။ အမှန်တရားကတော့ တက္ကသိုလ်ကနေ ပြီးမြောက်အောင်မြင်တဲ့သူတွေဟာ စာသင်ယူတတ်မြောက်နိုင်မှုကို ပြသနိုင်ကြပြီး NSSA လက်မှတ်ရ ကျွမ်းကျင်သူတွေကတော့ တကယ့်လက်တွေ့ကျွမ်းကျင်တတ်မြောက်မှုကို ပြသနိုင်ကြပါတယ်။

တက္ကသိုလ်ကျောင်းသားတွေ အများစုမှာ ယုတ္တိရှိရှိ တွေးခေါ်နိုင်စွမ်း၊ အခြေခံသိပ္ပံ အသိပညာ၊ သင်ယူနိုင်စွမ်း၊ စည်းကမ်း စတဲ့ စွမ်းဆောင်ရည်တွေ ရှိကြပါတယ်။

လက်တွေ့ကျွမ်းကျင်မှုများကိုတော့ တစ်နှစ် သို့မဟုတ် နှစ်နှစ် နည်းပညာဆိုင်ရာ သို့မဟုတ် ရွှေ့လျားသင်တန်းတွေနဲ့ သက်မွေးပညာတွေကို တည်ဆောက်လိုက်မယ်ဆိုရင် အလုပ်အကိုင်ဈေးကွက်က လက်ခံတဲ့ ကျွမ်းကျင်သူမှတစ်ဆင့် နည်းပညာကျွမ်းကျင်သူ (Technician) တစ်ယောက်ဖြစ်လာနိုင်ပါတယ်။

**NSSA သတ်မှတ်ထားတဲ့ အဆင့် (၄) ဆင့် သို့မဟုတ် ဘဝလုပ်ငန်းအောင်မြင်ရေး လမ်းသွယ် (၄) ခု**

NSSA ရဲ့ အလုပ်အကိုင် အသိအမှတ်ပြု အဆင့် (၄) ဆင့်က ကြီးမားတဲ့ အသုံးချနိုင်စွမ်းတွေကိုပါ တွဲဖက်ထားပါတယ်။ NSSA အဆင့်(၂) / အဆင့်(၃) ကို ရရှိသွားရင် တက္ကသိုလ်ဝင်တန်း မအောင်မြင်သေးတဲ့သူတွေတောင် နည်းပညာကျွမ်းကျင်သူ (Technician) တွေ ဖြစ်လာနိုင်ပါတယ်။ NSSA အဆင့် (၄) ကိုသာ ရရှိခဲ့မယ်ဆိုပါက ကြီးကြပ်သူ (Supervisor) တောင်မှ ဖြစ်လာနိုင်ပါတယ်။ ဒီလိုဆိုရင် ဝင်ငွေလစာနှုန်းက တော်တော်ကို ပြောင်းလဲသွားပါပြီ။

**အလုပ်အကိုင် ဈေးကွက်ရဲ့ အမှန်တကယ် လိုအပ်ချက်က "စာမေးပွဲအောင်မြင်သူ" မဟုတ်ဘူး၊ "အလုပ်အကိုင် ကျွမ်းကျင်တတ်မြောက်သူ" သာ ဖြစ်ပါတယ်။** ဘယ်နိုင်ငံမဆို အလုပ်ဈေးကွက်အတွင်း လိုအပ်ချက် သုံးမျိုး ရှိပါတယ်-

(၁) **မြင့်မားသောပညာရပ်ဆိုင်ရာ ပညာရှင်များ(Professionals)**

ဥပမာ - ဆရာဝန်၊ အင်ဂျင်နီယာ၊ စီးပွားရေးဆိုင်ရာ/ အချက်အလက်ဒေတာ ဆန်းစစ်သူ

> **ခိုင်မာအားကောင်းတဲ့ အလုပ်အကိုင်ဈေးကွက်၊ တိုးတက်ပြောင်းလဲနေတဲ့ စက်မှုထုတ်လုပ်ရေး၊ မြင့်မားလာတဲ့ နိုင်ငံတော်ဖွံ့ဖြိုးရေး လိုအပ်ချက်တွေအရ လက်တွေ့ကျကျ ကျွမ်းကျင်တတ်မြောက်ကြသူလို့ခေါ်တဲ့ လူသားအရင်းအမြစ်အမျိုးအစားဟာ ဒီနေ့ခေတ် အလုပ်အကိုင်ဈေးကွက်အတွက် အလွန်အင်မတန် အရေးကြီးလာနေပါပြီ။**
>
> NSSA **လက်မှတ်က အတန်းပညာမပြီးမြောက်သူများတောင် တက်တက်ကြွကြွနဲ့ ဆောင်ရွက်ပါက ကျွမ်းကျင်သူ** (Skilled Worker)**၊ ကြီးကြပ်သူ** (Supervisor)**၊ နည်းပညာကျွမ်းကျင်သူ** (Technician) **တွေအထိ ဖြစ်နိုင်ပြီး ပြည်တွင်း ပြည်ပအလုပ်အကိုင် ဈေးကွက်ထဲက အလွန်ကြီးမားတဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးလို့ တကယ့်လက်တွေ့ဘဝကို ပြောင်းလဲစေနိုင်မယ့် လမ်းတစ်ခုဆိုတာ အများပြည်သူတို့ သိရှိနားဝင်သွားဖို့ လိုအပ်တဲ့ အချိန်အခါပါပဲ။**

(၂) **နည်းပညာကျွမ်းကျင်သူများ (Skilled Technicians)**

ဥပမာ - လျှပ်စစ်ပညာရှင် (Electrician)၊ ဂဟေဆက်ပညာရှင် (Welder)၊ စက်ပြင်သူ (Machinist)၊ စက်ဆိုင်ရာနည်းပညာကျွမ်းကျင်သူ(Machinery Technician)၊ လေအေးပေးစက်ပညာရှင် (AC Technician)၊ ဆောက်လုပ်ရေးဆိုင်ရာ နည်းပညာကျွမ်းကျင်သူ (Construction technician)

(၃) **ကျွမ်းကျင်မှုမရှိသော အလုပ်သမား (သို့မဟုတ်) သာမန်အလုပ်သမား (Unskilled Labour)**

ထိုင်း၊ မလေးရှား၊ စင်ကာပူနိုင်ငံတွေမှာ အထက်ပါအချက်အမှတ်(၂)အပေါ် မူတည်ပြီး စီးပွားရေးအင်ဂျင်ကြီးတွေကို လည်ပတ်ထားပါတယ်။ ထို့အတူ မြန်မာနိုင်ငံရဲ့ အလုပ်အကိုင် ဈေးကွက်မှာလည်း နည်းပညာကျွမ်းကျင်သူတွေ အများကြီးလိုအပ်နေပြီး အဲဒီနည်းပညာကျွမ်းကျင်သူတွေက NSSA လက်မှတ်နဲ့ အလွန်မြင့်မားတဲ့ တန်ဖိုးရှိအလုပ်တွေကို ရရှိလုပ်ကိုင် နိုင်နေကြပါပြီ။

**NSSA Skilled Worker ဖြစ်နိုင်ကြောင်း သက်သေ (၇) မျိုး**

၁။ နိုင်ငံတစ်လွှားမှာရှိတဲ့ TVET Centers တွေဟာ အဓိကအားဖြင့် တက္ကသိုလ်ဝင်တန်း မအောင်မြင်သေးတဲ့သူတွေကိုပဲ ပစ်မှတ်ထား လေ့ကျင့်ပေးဖို့ ဦးတည်အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါတယ်။

၂။ NSSA ဆန်းစစ်ချက် (NSSA Assessment) ဟာ စာမေးပွဲမဟုတ်ဘဲ လုပ်ငန်းအခြေပြု ကျွမ်းကျင်မှုစစ်ဆေးရေး (Task-Based Competency Test) ဖြစ်ပါတယ်။

၃။ သင်တန်း ၃ လ - ၆ လနဲ့ ကျွမ်းကျင်မှုအဆင့် (Skill Level) တက်နိုင်ပါတယ်။

၄။ အာဆီယံနိုင်ငံတွေရဲ့ အလုပ်အကိုင်ဈေးကွက်က NSSA Level 3 = AQRF Level 4 Technician ကို လက်ခံပါတယ်။

၅။ ကိုရီးယား EPS၊ ဂျပန် TITP၊ မလေးရှားနဲ့ စင်ကာပူနိုင်ငံတွေကို အလုပ်သမားအဖြစ် ထွက်ခွာလိုသူ အများစုအတွက် လိုအပ်တဲ့ ကျွမ်းကျင်မှုစစ်ဆေးရေး (Skill Test) တွေဟာ လက်တွေ့ပညာစွမ်းရည် (Workshop Skills)၊ စက်ကိရိယာတွေ အသုံးချနိုင်မှု (Machine Skills) နဲ့ ဂဟေဆက်ခြင်းကျွမ်းကျင်မှု (Welding Skills) တို့ကို အဓိကထား စစ်ဆေးလေ့ရှိပါတယ်။

၆။ ပုဂ္ဂလိကပိုင်စက်ရုံတွေ၊ လုပ်ငန်းခွင်တွေနဲ့ စက်မှုလုပ်ငန်းတွေမှာ ကျွမ်းကျင်မှုလက်မှတ် ရရှိထားသူ အလုပ်သမားတွေကို လစာပိုမို ပေးအပ်လေ့ရှိပါတယ်။

၇။ မြန်မာ့စက်မှုလုပ်ငန်းခွင်တွေမှာ နည်းပညာကျွမ်းကျင်သူတွေ လိုအပ်မှုက ယနေ့အချိန်ထိ ကြီးမားတဲ့ စိန်ခေါ်မှုတစ်ရပ်အဖြစ် ရှိနေဆဲပဲ ဖြစ်ပါတယ်။ လျှပ်စစ်ပညာရှင်၊ စက်ပြင်သမား၊ ဂဟေဆက်သမား၊ အီလက်ထရောနစ်ပညာရှင် စတဲ့ လက်တွေ့လုပ်ငန်းခွင် ကျွမ်းကျင်သူတွေကို စက်ရုံ၊ အလုပ်ရုံ အသီးသီးမှာ "အမြဲတမ်း ခေါ်ဆိုနေရသော နေရာ" အဖြစ် ရှိနေပါတယ်။ ဒီအခြေအနေဟာ ထုတ်လုပ်မှုစွမ်းရည်၊ ကုန်ထုတ်စွမ်းအားနဲ့ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုပါ ထိခိုက်စေတဲ့ ရေရှည်ပြဿနာတစ်ရပ်လည်း ဖြစ်ပါတယ်။ **စာမျက်နှာ ၇ သို့** ☆

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၂၃ ရက်

သာ လိုတော့သည်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ရွေးကောက်ပွဲ နှိုးဆော်အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစတာများ စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်၊ စတစ်ကာကပ်ခြင်းများ ဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၄**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား နိုင်ငံသူ နိုင်ငံသားအားလုံး ပါဝင်မဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲ နှိုးဆော် အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစတာများ စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်၊ စတစ်ကာကပ်ခြင်း ကမ်ပိန်းများကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်ရှေ့၊ ကျောက်တံတားမြို့နယ် မြို့တော်ခန်းမရှေ့၊ အလုံမြို့နယ် သခင်မြပန်းခြံရှေ့နှင့် မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေး ကားဝင်းတို့တွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းများနှင့် တာဝန်ရှိသူများက ဖြတ်သန်းသွားလာနေသည့် မော်တော်ယာဉ်များ၊ အဝေးပြေးကားများနှင့် YBS ယာဉ်များတွင် "ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သောအနာဂတ် ဆီသို့" စာတန်းပါစတစ်ကာများ ကပ်ခြင်းနှင့် ပြည်သူများလက်ဝယ်အရောက် "ဒို့အတူတူမဲပေးကြမယ်" လက်ကမ်းစာစောင်များ ဖြန့်ဝေကြသည်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ နှိုးဆော်အသိပညာပေးလုပ်ငန်းများ ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ တွင်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)



## မှော်ဘီမြို့နယ်၌ ဒို့အတူတူမဲပေးကြမယ် လက်ကမ်းစာစောင်များ ဖြန့်ဝေ



**မှော်ဘီ ဒီဇင်ဘာ ၄**

မှော်ဘီခရိုင် မှော်ဘီမြို့နယ်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး လှုံ့ဆော်ရေး အစီအစဉ်များကိုစတင်ဆောင်ရွက် လျက်ရှိရာ ယနေ့ နံနက်ပိုင်းက "ဒို့အတူတူမဲပေးကြမယ်" အသိပညာပေး လက်ကမ်းစာစောင်များကို တာဝန်ရှိသူများ ပူးပေါင်း၍ အခမဲ့ ဖြန့်ဝေပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မှော်ဘီမြို့နယ် ခရိုင်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ဝေမိုးအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုး မောင်နှင့် တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာ အသိပညာ ပေးလှုံ့ဆော်မှုအဖြစ် ဒို့အတူတူ မဲပေးကြမယ် လက်ကမ်းစာစောင် များကို မှော်ဘီမြို့ (၃) ရပ်ကွက် ဈေးနှင့် အမှတ်(၄)လမ်းတို့ရှိ လူစည်ကားရာ နေရာများတွင် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

**စာမျက်နှာ ၆ မှ ☆**

**NSSA လက်မှတ်ဟာ အသက်မွေးဝမ်းကျောင်းတိုးတက်ဖို့အတွက် ဘယ်လိုအကျိုး သက်ရောက်သလဲ**

၁။ **အလုပ်ရှာရလွယ်ကူခြင်း**

တက္ကသိုလ်ပညာရေး မပြီးဆုံးသူတွေလည်း NSSA အဆင့်(၂)/ အဆင့်(၃) လက်မှတ်ရရှိရင် အလုပ်ရှင်တွေထံကနေ ယုံကြည်မှုရရှိပြီး တစ်ခါတည်း နှစ်သက်သဘောကျမှုမျိုးကို လက်ခံ ရရှိစေနိုင်ပါတယ်။

၂။ **လစာတိုးတက်မှု ရှိလာခြင်း**

ကျွမ်းကျင်နည်းပညာရှင်တစ်ဦးရဲ့ ဝင်ငွေက စတင်ဝင်ငွေမှ တစ်ဆင့် အတွေ့အကြုံ ရင့်ကျက်လာမှုအပေါ် မူတည်ပြီး ကျွမ်းကျင်မှု အဆင့် တက်လာကာ လစာတိုးတက်မှု ရရှိလာမှာ ဖြစ်ပါတယ်။

၃။ **နိုင်ငံခြားမှာ အလုပ်လုပ်ကိုင်နိုင်ဖို့ အခွင့်အရေးများခြင်း**

NSSA အဆင့် (၃) လက်မှတ်က ASEAN AQRF (ASEAN Qualifications Reference Framework) နဲ့ ချိတ်ဆက်ထားတာကြောင့် အခြားနိုင်ငံတွေကလည်း နည်းပညာကျွမ်းကျင်သူ အဆင့်အတန်း အဖြစ် အသိအမှတ်ပြုလက်ခံပေးပါတယ်။

၄။ **ကိုယ်ပိုင်လုပ်ငန်း တည်ထောင်နိုင်ခြင်း (Entrepreneurship)**

ဘယ်နည်းပညာကိုမဆို ကျွမ်းကျင်စွာ တတ်မြောက်ထားပါက ကိုယ်ပိုင်စီးပွားရေးအဖြစ် စတင်နိုင်ပါတယ်။ လျှပ်စစ်ကျွမ်းကျင်သူ၊ မော်တာပြင်ဆင်ကျွမ်းကျင်သူ၊ စက်ကိရိယာ အသုံးပြုကျွမ်းကျင်သူ စတဲ့ ကျွမ်းကျင်မှုတစ်ခုတည်းနဲ့လည်း ကိုယ်ပိုင်လုပ်ငန်းငယ်တစ်ခု ကို စတင်တည်ထောင် ရပ်တည်နိုင်ပါတယ်။

NSSA လက်မှတ်ဟာ ပညာရေးလမ်းကြောင်းတစ်ခုတည်းကို မှီခိုနေရခြင်းမှ လွတ်မြောက်စေပြီး လက်တွေ့အရည်အချင်းကို အသိအမှတ်ပြုပေးတဲ့ လမ်းကြောင်းအသစ်တစ်ခုဖြစ်ကာ ဝင်ငွေ တိုးတက်မှုမှသည် နိုင်ငံတကာအထိ ရောက်ရှိနိုင်တဲ့ အခွင့်အလမ်း တွေကို ဖွင့်လှစ်ပေးထားပါတယ်။

**အတန်းပညာ မပြီးတာဟာ "အဆုံးမဟုတ်ဘူး" လို့ ပြောဖို့ အချိန်ရောက်ပြီ**

ဘဝမှာ အောင်မြင်ဖို့ဆိုတာ စာအုပ်ထဲက အသိပညာတစ်ခုတည်း မဟုတ်ပါ။ လက်တွေ့ တတ်မြောက်တဲ့စွမ်းရည်နဲ့ ထိုစွမ်းရည်ကို တရားဝင်အတည်ပြုပေးတဲ့ လက်မှတ် (Certification) တို့သာ အဓိက ကျပါတယ်။

အတန်းပညာ မပြီးဆုံးသူတွေအနေနဲ့ မိမိတို့ ဘဝဟာ မတည်မြဲ၊ မရေရာဟု လုံးဝမယူဆသင့်ပါ။ နည်းပညာရပ်တစ်ခုကို စနစ်တကျ တတ်မြောက်အောင်မြင်ခဲ့ရင် ၎င်းတို့ဟာ **နည်းပညာကျွမ်းကျင်သူ (Technician)** သို့မဟုတ် **ကျွမ်းကျင်သူ (Skilled Worker)** အဖြစ် မြန်မာနိုင်ငံရဲ့ စက်မှုနဲ့ စီးပွားရေးအတွက် အလွန်အရေးပါတဲ့ **"ထုတ်လုပ်မှု အင်ဂျင်"** တစ်ခုအဖြစ် ရပ်တည်နိုင်မှာပဲ ဖြစ်ပါတယ်။

NSSA ကျွမ်းကျင်လက်မှတ်ဟာ ဤခရီးအတွက် အကောင်းဆုံးသော စတင်မှတ်တိုင် (Start Point) တစ်ခုပဲ ဖြစ်ပါတယ်။ အတန်းပညာ မပြီးဆုံးသူလည်း NSSA Skill Certificate ကို ရယူခြင်းဖြင့် မိမိ အနာဂတ်ကို တည်မြဲအောင် တည်ဆောက်နိုင်မှာပဲ ဖြစ် ပါတယ်။

**NSSA ကျွမ်းကျင်လက်မှတ် ရယူဖို့ လမ်းညွှန်**

၁။ **ဘယ်လိုစရမလဲ။** မိမိ စိတ်ဝင်စားရာ သင်ယူလိုတဲ့ နည်းပညာ ဘာသာရပ်ကို ရွေးချယ်ပါ (ဥပမာ – ဂဟေဆက်ခြင်း၊ လျှပ်စစ်ကျွမ်းကျင် သင်တန်း၊ စက်ချုပ်ခြင်း (အခြေခံ)၊ အဆောက်အအုံဆောက်လုပ်ရေး၊ ပိုက်ဆက်ပြုပြင်ခြင်း၊ မော်တော်ယာဉ်ပြုပြင်ခြင်း၊ လေအေးပေးစက်/ ရေခဲသေတ္တာပြုပြင်ခြင်း၊ ဟိုတယ်နဲ့ ဧည့်ခံကျွမ်းကျင်မှုများ၊ အိုင်စီတီ အခြေခံကျွမ်းကျင်မှုများ စသဖြင့်)။ NSSA ရဲ့ ညွှန်ကြားထားတဲ့ သင်တန်းကျောင်းတွေမှာ စာရင်းသွင်းပါ။ သက်ဆိုင်ရာ အဆင့် အတန်းအတွက် သင်တန်းတက်ရောက်ပြီး လိုအပ်တဲ့ လက်တွေ့နဲ့ ဆန်းစစ်ချက်တွေကို ဖြေဆိုအောင်မြင်ရပါမယ်။

၂။ **ဘယ်သူနဲ့ ဆက်သွယ်ရမလဲ။** NSSA ရဲ့ တရားဝင် ဝက်ဘ်ဆိုက်နဲ့ လူမှုကွန်ရက် စာမျက်နှာတွေက တစ်ဆင့် NSSA က အသိအမှတ်ပြုထားတဲ့ သင်တန်းကျောင်းတွေ (Authorized Training Centers) ကို တိုက်ရိုက်ဆက်သွယ် စုံစမ်းနိုင်ပါတယ်။

၃။ **ဘယ်အဖွဲ့အစည်းတွေက လက်ခံသလဲ။** NSSA လက်မှတ်ကို နိုင်ငံတော်က တရားဝင် အသိအမှတ်ပြုထားပြီး ပြည်တွင်းရှိ ပုဂ္ဂလိကနဲ့ အစိုးရစက်ရုံအလုပ်ရုံအများစုက လက်ခံ ပါတယ်။ အာဆီယံရဲ့ AQRF (ASEAN Qualifications Reference Framework) စနစ်နဲ့ ချိတ်ဆက်ထားတာကြောင့် အာဆီယံနိုင်ငံတွေမှာ လည်း ကျွမ်းကျင်မှုအဆင့်အတန်းအဖြစ် အသိအမှတ်ပြုခံရမှာ ဖြစ်ပါ တယ်။ နိုင်ငံရပ်ခြားမှာ အလုပ်အကိုင် ရှာဖွေရာမှာ မရှိမဖြစ် စံချိန် စံညွှန်းတစ်ခုအဖြစ် အသုံးပြုနိုင်ပါတယ်။

ဒါကြောင့် ကျောင်းပညာရေးရဲ့ တစ်ခုတည်းသော လမ်းကြောင်းမှာ မပြည့်စုံပေမယ့် NSSA ကျွမ်းကျင်လက်မှတ်က သင့်အား ဘဝအောင်မြင်မှုကို ခုန်ပျံကျော်လွှားရယူနိုင်တဲ့ လမ်းကြောင်းသစ်တစ်ခုအနေနဲ့ ဖွင့်လှစ်ပေးမှာ ဖြစ်ပါကြောင်း အသိပေးရေးသား တင်ပြအပ်ပါတယ်။

**ကိုးကား** – အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊
– မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံ သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့။

# ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့၏ အရှေ့တောင်အာရှစီမံကိန်းများ ညှိနှိုင်းရေးမှူး မစ္စတာ ဆာဂေးရှတီရော့ဗ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခရက်စ်နောဂေါ့စ်ခ်မြို့အခြေစိုက် မော်စကိုခရိုင်ဆိုင်ရာ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်နှင့် ရော့စ်ကွန်ဂရက်ဖောင်ဒေးရှင်း၏ ကြီးကြပ်ရေးဘုတ်အဖွဲ့ဝင်၊ ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ (Fund RC–Investment) ၏ အရှေ့တောင်အာရှစီမံကိန်းများ ညှိနှိုင်းရေးမှူး မစ္စတာ ဆာဂေးရှတီရော့ဗ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁) ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏ ပိုမိုမြင့်တက်လာစေရန်အတွက် မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်နှင့် ရေထွက်ကုန်ပစ္စည်းများ အပါအဝင် အဓိကပို့ကုန်များကို ရုရှားနိုင်ငံ၌ ဈေးကွက်ပိုမိုရရှိနိုင်ရေး၊ ရုရှားနိုင်ငံထုတ် ဓာတ်မြေဩဇာများ မြန်မာနိုင်ငံသို့ တင်ပို့နိုင်ရေး၊ နှစ်နိုင်ငံအကြား ကုန်စည်ပြပွဲများကျင်းပကာ စီးပွားရေးလုပ်ငန်းရှင်အချင်းချင်း ရင်းနှီးမှုရှိစေရေးနှင့် ကုန်ပစ္စည်းများ ပါဝင်ပြသနိုင်ရေးအတွက် အပြန်အလှန် ဖိတ်ကြားသွားနိုင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုစင်တာများ အပြန်အလှန်ဖွင့်လှစ်နိုင်ရေး၊ နေပြည်တော်ကောင်စီနယ်မြေတွင်တည်ဆောက်မည့် သဘာဝမြေဩဇာစက်ရုံအတွက် လိုအပ်သည့်စက်ပစ္စည်းများ တင်သွင်းနိုင်ရေးနှင့် စီးပွားရေးနှင့် ကုန်သွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အသက်ခြောက်လမှ သုံးနှစ် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဆင်း



**နေပြည်တော် ဒီဇင်ဘာ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဝန်ကြီးဌာနများတွင် နေ့ကလေးထိန်းဌာနများ ဖွင့်လှစ်နိုင်ရန်ရည်ရွယ်ဖွင့်လှစ်သည့် အသက်ခြောက်လမှ သုံးနှစ် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံသင်တန်းဆင်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ယခုသင်တန်းသည် သင်တန်းကာလ တစ်လဖြစ်သော်လည်း သင်တန်းမှ ပို့ချချက်များသည် နေ့ကလေးထိန်းဌာနတစ်ခု ဖွင့်လှစ်နိုင်ရန် လိုအပ်ချက်များကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း၊ သင်တန်းတွင် ကလေးသူငယ်များအတွက် နိုင်ငံတော်၏ မူဝါဒပိုင်းဆိုင်ရာများ၊ အထူးအခြေအနေရှိသည့် ကလေးများအကြောင်း၊ နေ့ကလေးထိန်းအရွယ် ကလေးများအတွက် ကျန်းမာရေးနှင့် အာဟာရပံ့ပိုးပေးမှုကဏ္ဍ၊ ကလေးများ ဘက်စုံဖွံ့ဖြိုးမှုဆိုင်ရာသဘောတရား၊ ဘက်စုံဖွံ့ဖြိုးမှုအထောက်အပံ့ဖြစ်စေမည့် အပြုသဘောဆောင်သည့် ပြုစုစောင့်ရှောက်မှုအရေးကြီးပုံနှင့် နေ့ကလေးထိန်းကျောင်း တစ်ကျောင်း၏ လိုအပ်ချက်နှင့် သင်ခန်းစာပြင်ဆင်မှုများကို စာတွေ့/ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း၊ သင်တန်းတက်ရောက်ပြီးသူများသည် သင်ယူခဲ့ရသည့်ပို့ချချက်များအပေါ် လက်တွေ့အသုံးချသွားရန်၊ ကလေးပြုစုစောင့်ရှောက်ရေးဆိုင်ရာ အခြေခံသဘောတရားများအပေါ် ဆက်လက်လေ့လာသွားရန်လိုကြောင်း ပြောကြားပြီး သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး သင်တန်းသူများက ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာပေးသီချင်း၊ ကဗျာများဖြင့် ဖျော်ဖြေတင်ဆက်သည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းသူများကိုယ်တိုင် ပြုလုပ်ထားသည့် ကလေးသူငယ်ဖွံ့ဖြိုးမှုဆိုင်ရာ သင်ထောက်ကူလက်မှုပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ဝန်ကြီးဌာန ၂၀ မှ သင်တန်းသူ စုစုပေါင်း ၃၆ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# နမ့်စန်မြို့နယ်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲ ကျင်းပ




**နမ့်စန် ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂ ရက် ညနေ ၃ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ အခြေခံပညာအထက်တန်းကျောင်း (နမ့်စန်)မှ ကျောင်းသား ကျောင်းသူများက 'မြန်မာပြည်မှာ စာပဒေသာ' သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ် က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက လှူဒါန်းသောစာအုပ်များကို မြို့နယ်စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးသန်းစိန်က ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာအောင် က လက်ခံရယူသည်။

ထို့နောက် ကဗျာရွတ်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲတို့တွင် ပထမဆုရရှိသော ကျောင်းသား ကျောင်းသူများအား ပြည်နယ်သယံဇာတရေးရာဝန်ကြီးကလည်းကောင်း၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား တာဝန်ရှိသူများကလည်းကောင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**



# သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး ထိုးနှံပေးမည်

**ဘီးလင်း ဒီဇင်ဘာ ၄**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ပြည်သူလူထုအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဘီးလင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးမင်းက အမှာစကားပြောကြားပြီး သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သားအိမ်ခေါင်း ကင်ဆာကာကွယ်ဆေး ထိုးနှံခြင်းများကို ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့ဝင်များက ဒီဇင်ဘာ ၈ ရက်မှ ၂၀ ရက်အထိ အသက် ၉ နှစ်မှ ၁၂ နှစ်အောက် ကျောင်းတွင်မထိုးနှံရသေးသည့် ကျောင်းသူများနှင့် ကျောင်းပြင်ပ မထိုးနှံရသေးသည့် မိန်းကလေးငယ်များကို ကာကွယ်ဆေးများ လိုက်လံထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**







# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုက်ကွမ်ဒို၊ ဘိလိယက်နှင့် စနူကာ အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှု လိုက်လံကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူငယ်အားကစားလေ့ကျင့်ရေးစခန်းသုဝဏ္ဏရှိ တိုက်ကွမ်ဒိုလေ့ကျင့်ရေးရုံသို့ရောက်ရှိရာ အမျိုးသားတစ်ဦးချင်းတီထွင်ကကွက် (freestyle poomsae) တွင် ညီမင်းလွင်ကလည်းကောင်း၊ Recognized poomsae pair ကျား+မ နှစ်ဦး ပြိုင်ပွဲအတွက် ကောင်းဇင်ခန့်နှင့် အေးမြသူဇာတို့ကလည်းကောင်း၊ အတိုက်အားကစားနည်း ကီလို ၈၀ အောက် ပြိုင်ပွဲတွင် ဇော်လင်းထက်နှင့် ရှိုင်းထက်အောင်တို့ကလည်းကောင်း ပြသယှဉ်ပြိုင်ကစားနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)ရှိ မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမသို့ရောက်ရှိပြီး ဘိလိယက်အသင်းလိုက်ပြိုင်ပွဲတွင် ချီးမြှင့်မည့် ရွှေတံဆိပ်ဆုရရှိရေးအတွက် ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲအနေဖြင့် ဦးပေါက်စက တစ်ဖက် မောင်အောင်ဌေးနှင့် မောင်နေသွေးဦးတို့ကတစ်ဖက် ယှဉ်ပြိုင်ကစားခဲ့ရာ မောင်အောင်ဌေးနှင့် မောင်နေသွေးဦးက သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိသည်။

ယင်းနောက် စနူကာတစ်ဦးချင်းပြိုင်ပွဲတွင် မောင်ဝင်းကိုကိုနှင့် မောင်အောင်ဖြိုးတို့ ယှဉ်ပြိုင်ကစားရာ မောင်ဝင်းကိုကိုက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အခြားစနူကာတစ်ဦးချင်း ပြိုင်ပွဲတွင် မောင်မျိုးသူရအောင်နှင့် မောင်ကျော်ဝေယံစိုးတို့ ယှဉ်ပြိုင်ကစားရာ မောင်မျိုးသူရအောင်က သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမရရှိသည့် မောင်အောင်ဌေးနှင့် မောင်နေသွေးဦးတို့အတွဲနှင့် ဒုတိယရရှိသွားသည့် ဦးပေါက်စတို့ကို ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က စနူကာလက်ရွေးစင် အားကစားသမားများကိုလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများကို ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် နီးကပ်လာပြီဖြစ်သည့်အတွက် ကျန်းမာရေးကို အထူးဂရုစိုက်ပြီး လေ့ကျင့်မှုများပြုလုပ်ရာတွင် Injury မရရှိအောင် ဂရုစိုက်လေ့ကျင့်ကြရန်၊ သွားလာနေထိုင်စားသောက်ရေးကိစ္စရပ်များ၊ ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင် အောင်နိုင်ရေးကိစ္စရပ်များကို အဓိကထားဆောင်ရွက်စေလိုကြောင်း၊ အုပ်ချုပ်သူ/နည်းပြများ၏ စီမံကွပ်ကဲမှုများကို လေးစားလိုက်နာဆောင်ရွက်ကြစေလိုကြောင်း၊ ပြိုင်ပွဲယှဉ်ပြိုင်ကစားရာတွင် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ၏ ကိုယ်နှုတ်အမူအရာ အပြုအမူကောင်းများဖြင့် နိုင်ငံ့ဂုဏ်ကို မြင့်တက်စေရန် အမိနိုင်ငံတော်အတွက် ရွှေတံဆိပ်ဆုများ ဆွတ်ခူးရယူပေးနိုင်သည့် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားကြရန်နှင့် ရွှေတံဆိပ်ဆုရရှိသူများအား နိုင်ငံတော်က ထိုက်ထိုက်တန်တန် ဂုဏ်ပြုသကဲ့သို့ သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း ဂုဏ်ပြုချီးမြှင့်ငွေများကို ချီးမြှင့်သွားမည်ဖြစ်၍ ကြိုးစားကြစေလိုကြောင်းမှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဓနုဖြူမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် နေကြာသီးသန့် ၁၀ ဧက စံပြကွက် စိုက်ပျိုးပွဲကျင်းပ

ဓနုဖြူ ဒီဇင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် နေကြာသီးသန့် ၁၀ ဧက စံပြကွက်စိုက်ပျိုးပွဲကို ရေကြည်ကျေးရွာအုပ်စု တောင်သူဦးမြင့်သိန်း၏ လယ်မြေပေါ်တွင် ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါနေကြာသီးသန့် ၁၀ ဧက စံပြကွက်စိုက်ပျိုးပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများစုပေါင်း၍ (ရေဆင်းစပ်မျိုး ၁) နေကြာမျိုးအားစိုက်ဧက ၁၀ ဧက စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ဒုတိယဝန်ကြီး ဦးထိန်လင်း ဒက္ခိဏသီရိခရိုင်အတွင်း ဘောလုံးကွင်းဖောက်လုပ်ရန်နှင့် ဥတ္တရသီရိမြို့နယ် အားကစားကွင်း တည်ဆောက်နေမှုကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၄

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိခရိုင် ရန်အောင်မြင်ကျေးရွာအုပ်စု ရွာမကျေးရွာ ဘောလုံးကွင်းသစ် ဖောက်လုပ်နိုင်ရေးအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးသည် ဘောလုံးကွင်းသစ်ဖောက်လုပ်ရန် လျာထားသော မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး မြေရာဇဝင်၊ မြေပိုင်ဆိုင်မှုနှင့် မြေပုံရေးဆွဲခြင်း အစီရင်ခံစာ ဆက်လက်တင်ပြနိုင်ရေးအတွက် လိုအပ်သည့် အချက်အလက်များ ပြုစုခြင်း ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဥတ္တရသီရိမြို့နယ် အားကစားကွင်း အုတ်တံတိုင်း ကာရံနေမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ယူတည်ဆောက်နေသည့် ကုမ္ပဏီနှင့် QC ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ အုတ်တံတိုင်းကြံ့ခိုင်မှု အရည်အသွေးပြည့်မီပြီး အချိန်မီပြီးစီးစေရေး၊ အားကစားကွင်းအတွင်းသို့ ဝင်ရောက်မည့် ဝင်ပေါက်နေရာများနှင့် ကားရပ်နားမည့်နေရာ မှန်ကန်မှုရှိစေရေး၊ မြေနိမ့်ပိုင်းများ မြေဖို့၍ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရန်မှာကြားပြီး ဝန်ထမ်းအိမ်ရာ တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးကာ ဌာနမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့၏ (၁၁)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ



ရန်ကုန် ဒီဇင်ဘာ ၄

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) တို့၏ (၁၁)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ အမှူးပြုသော တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဆရာတော်များ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ ဆရာတော်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဆရာတော်များ၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) တို့မှ သင်ကြား၊ စီမံဆရာတော်များ၊ ကျမ်းစစ်ဆရာတော်များနှင့် ဘွဲ့ခံသံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘွဲ့ရဆရာတော်များ၏ ဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ဥပုသ်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက ယနေ့ဘွဲ့ခံယူကြသည့် သာသနာ့အာဇာနည်တို့သည် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာပိဋကတ်တော်များကို ဘာသန္တရပါတွဲဖက်၍ ခေတ်မီသင်ယူနည်းဖြင့် လေ့လာသင်ယူကြပြီးဖြစ်၍ စာပေကျမ်းဂန်သင်ယူမှု ပရိယတ္တိသည် နိသ္သရဏတ္ထာပရိယတ္တိဖြစ်နိုင်အောင် "သောတာနု ဂတာနံ ဘိက္ခဝေ ဓမ္မာနံ ဝစသော ပရိစိတာနံ မနသာနုပေက္ခိတာနံ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါနံ စတ္တာရော အာနိသံသာ ပါဋိကင်္ခါ"အစရှိသော အင်္ဂုတ္တရနိကာယ စတုက္ကနိပါတ သောတာနုဂတ သုတ်တော်ကို ဆင်ခြင်စဉ်းစားနှလုံးထားလျက် ပွားများကြိုးကုတ်အားထုတ်ကြရန်ဖြစ်ကြောင်း၊ ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ တည်ထောင်ဖွင့်လှစ်ကြခြင်း၏ ရည်ရွယ်ချက် ၄ ချက်ထဲက တတိယအချက်ဖြစ်သော ပြည်တွင်းပြည်ပ နှစ်ဌာနတို့၌ ဆင်းရဲချမ်းသာမရွေး ကျေးလက်တောရွာပါမကျန် နေထိုင်သီတင်းသုံး၍ သာသနာပြုခြင်းနှင့် စတုတ္ထရည်ရွယ်ချက်ဖြစ်သည့် လူအများ တွေ့ကြုံခံစားနေရသော ကိုယ်စိတ်ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ စိုးရိမ်ပူပန်ခြင်းတို့ကို ဗုဒ္ဓမြတ်စွာတရားဒေသနာတော်ကြီးဖြင့် သက်သာပျောက်ကင်းချမ်းသာစေခြင်း အကျိုးငှာ ပရဟိတ ပဋိပန္န ပုဂ္ဂိုလ်အဖြစ်သို့ရောက်အောင် ကျင့်ကြံကြိုးကုတ်အားထုတ်တော်မူကြ၍ မြတ်စွာဘုရားသာသနာတော်ဝယ် တံခွန်အောင်လံ သဖွယ် ထင်ရှားသည့် ရှေးသွားခေါင်းဆောင်များ ဖြစ်ကြပါစေကြောင်း သာရဏီယ ဩဝါဒကထာ မြွက်ကြားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ မိတ္ထီလာဆရာတော်ဘဒ္ဒန္တကောဝိဒက "မိမိသင်ယူတတ်မြောက်ပြီးသော ပရိယတ္တိဒေသနာဉာဏ်များဖြင့် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်ပေါ်တွင် ခိုင်ခိုင်မတ်မတ်ရပ်တည်ကာ မိမိအကျိုး၊ အမျိုးဘာသာ သာသနာအကျိုးကို ဦးလည်မသုန် သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း" သမ္မောဒနီယဩဝါဒကထာမြွက်ကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က သာသနာရေးဆိုင်ရာများ လျှောက်ထားကြသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းဆရာတော် ဘဒ္ဒန္တသုမနက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ မိတ္ထီလာဆရာတော် ဘဒ္ဒန္တကောဝိဒထံ ဘွဲ့ခံစာရင်းကို အတည်ပြုလက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး) မော်ကွန်းထိန်း ဆရာတော်တို့က ဘွဲ့ခံယူကြမည့် သာသနတက္ကသီလမဟာဓမ္မာစရိယ M.A(Buddhism) ဘွဲ့ရ ၂၄ ပါးနှင့် သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism)ဘွဲ့ရ ၁၁၉ ပါးတို့၏ ဘွဲ့တော်များကို ကြေညာ၍ တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံတွင် ဘွဲ့ခံယူကြသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး) မော်ကွန်းထိန်း ဆရာတော်တို့က သာသနတက္ကသီလမဟာဓမ္မာ စရိယ ဘွဲ့ခံယူတော်မူမည့် ရဟန်းတော်များနှင့် သာသနတက္ကသီလဓမ္မာစရိယ ဘွဲ့ခံယူတော်မူမည့် ရဟန်းတော်များအား တစ်ပါးချင်း၏ဘွဲ့တော်ကို ကြေညာ၍ ပါမောက္ခချုပ်ဆရာတော်များထံ ဘွဲ့ခံယူစေပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ ရှေ့မှောက်တွင် ဘွဲ့ခံရဟန်းတော်များက သာသနာပြုဂုဏ်တိသစ္စာခံယူကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ မိတ္ထီလာဆရာတော် ဘဒ္ဒန္တကောဝိဒထံမှ ဥပုသ်ပရိသတ်များက အနုမောဒနာတရားနာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် မြတ်စွာဘုရားအပါအဝင် ဘွဲ့ခံသံဃာတော် ၁၄၃ ပါး စုစုပေါင်း ၁၄၄ ဆူ/ပါးတို့ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက ဆွမ်းဆန်တော်များ ဆက်ကပ်လောင်းလှူကြသည်။

ယနေ့ (၁၁)ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်တွင် သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A(Buddhism)ဘွဲ့ရ ၂၄ ပါးနှင့် သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism)ဘွဲ့ရ ၁၁၉ ပါး စုစုပေါင်းဘွဲ့ရအရှင်မြတ် ၁၄၃ ပါးဘွဲ့ခံယူခဲ့ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များမှ (၁၁) ကြိမ်မြောက်အထိ ဘွဲ့ခံယူခဲ့ကြသည့် ရဟန်းတော် စုစုပေါင်း ၃၄၆၄ ပါးပေါ်ထွန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ နှစ်(၁၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ ကျင်းပ



ပဲခူး ဒီဇင်ဘာ ၄

ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရွှေသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ နှစ်(၁၀၀) ပြည့် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများသည် ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရင်ပြင်တန်ဆောင်း၌ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်မည့် ဌာနဆိုင်ရာများ၊ တပ်ရင်း/တပ်ဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ မဏ္ဍပ်အသီးသီးကို လိုက်လံကြည့်ရှုအားပေးပြီး ဆန်၊ ဆီ၊ ဆေး အပါအဝင်ပစ္စည်း ၁၈ မျိုးတို့အား ကြွရောက်လာသည့် သံဃာအပါး ၁၃၀ နှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးအပါး ၅၀ တို့အား စေတနာထက်သန်စွာ လောင်းလှူပူဇော်ခဲ့ကြသည်။

ယနေ့ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကြီးအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ဌာနဆိုင်ရာများ၊ တပ်ရင်း/တပ်ဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ပေါင်းစုအားဖြင့် ဝတ္ထု+ပစ္စည်းတန်ဖိုး စုစုပေါင်းငွေကျပ် သိန်း ၅၅၀ ကျော် လောင်းလှူပူဇော်ခဲ့ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရွှေသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ပါဒ စေတီတော်အသစ် ပြန်လည်တည်ထား ကိုးကွယ်နိုင်ရေး ဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# တိုက်ကြီးမြို့နယ်၌ စနစ်မှန်သွားတိုက်နည်း လက်တွေ့သရုပ်ပြ

တိုက်ကြီး ဒီဇင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သွားနှင့်ခံတွင်းဆရာဝန်ကြီး ဒေါက်တာကွန်စတန် ဦးဆောင်၍ အနောက်ပိုင်းဆေးရုံနှင့် သာကေတအထူးကုဆေးရုံတို့မှ သွားနှင့်ခံတွင်းဆရာဝန်များနှင့် တာဝန်ရှိသူများက သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးအသိပညာပေးခြင်းနှင့် စနစ်မှန်သွားတိုင်နည်း လက်တွေ့သရုပ်ပြခြင်းကို ဒီဇင်ဘာ ၁ ရက်က တိုက်ကြီးမြို့ အမက(မာလာရုံ) ၌ ဆောင်ရွက်သည်။

အဆိုပါအဖွဲ့သည် အမက(မာလာရုံ)မှ ကျောင်းသား ကျောင်းသူများအား သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ စနစ်မှန်သွားတိုက်နည်းအကြောင်း အသိပညာပေးဟောပြောခြင်းနှင့် စနစ်မှန်သွားတိုက်နည်းကို ကျောင်းသား ကျောင်းသူများနှင့် အတူ သရုပ်ပြလေ့ကျင့်ကြပြီး ကျောင်းသား ကျောင်းသူများအား သွားတိုက်ဆေးနှင့် သွားတိုက်တံများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်အမည်စာရင်းများ ဒုတိယအကြိမ်ကပ်ထားကြေညာပေးလျက်ရှိရာ ပြည်သူများ လာရောက်ကြည့်ရှုမှုအပြင် မိမိတို့မဲစာရင်းများ ပါ၊ မပါသိရှိနိုင်ရန် တာဝန်ရှိသူများက တစ်အိမ်တက်ဆင်းစနစ်ဖြင့် မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် အိမ်ထောင်စုလူဦးရေစာရင်းတွင် ပါဝင်သည့် အမည်စာရင်းနှင့် မဲစာရင်း၌ပါဝင်သည့်အမည်စာရင်း မှန်၊ မမှန်စိစစ်၍ မဲစာရင်း၌ မိမိအမည်မပါဝင်ပါက ပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲစာရင်းတွင် အမည်စာရင်းမပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။


ဒေးဒရဲမြို့နယ်တွင် ဆောင်ရွက်စဉ်။ အေဇာလင်း


ပြင်ဦးလွင်မြို့တွင် ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)


မူဆယ်မြို့တွင် ဆောင်ရွက်စဉ်။ ချယ်ရီမြေ(မူဆယ်)


ပွင့်ဖြူမြို့နယ်တွင် ဆောင်ရွက်စဉ်။ လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)


လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)


ပုသိမ်မြို့တွင် ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)


တောင်ဥက္ကလာပမြို့နယ်တွင် ဆောင်ရွက်စဉ်။ ခင်ဆွေနှင်း(ပြန်/ဆက်)


ဇမ္ဗူသီရိမြို့နယ်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)


သာစည်မြို့နယ်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)


ဟိုပုံးမြို့နယ်တွင် ဆောင်ရွက်စဉ်။ ပအိုဝ်းဒေသ(ပြန်/ဆက်)


နမ့်စန်မြို့နယ်တွင် ဆောင်ရွက်စဉ်။ သူရအောင်(နမ့်စန်)


ဒေါပုံမြို့နယ်တွင် ဆောင်ရွက်စဉ်။ ချစ်စုဝေ(ပြန်/ဆက်)



ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ်တွင် လူစည်ကားရာ ဒေါပုံဈေးနှင့် မြို့မရဲစခန်းအရှေ့၌ ဒီဇင်ဘာ ၃ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထူးထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက "ဒို့အတူ မဲပေးကြမယ်" ဘေဘုတ်ကို အတူတကွစိုက်ထူကြစဉ်။ မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်း ဒေသကြီး ခရမ်းမြို့နယ်၌ ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၃ နာရီခွဲက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ရဲနှင့် တာဝန်ရှိသူများက မြို့နယ်လူစည်ကားရာနေရာ ၁၀ နေရာတွင် ပြည်သူအားလုံးပါဝင်၍ ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးနှိုးဆော်သည့် "ဒို့အတူတူ မဲပေးကြမယ်" ဘေဘုတ်များ စိုက်ထူပေးစဉ်။ ခရမ်း(ပြန်/ဆက်)

# မဲစာရင်းမှန်ကန်မှုရှိစေရေးအတွက် ရပ်ကွက်/ကျေးရွာများ၌ Door to Door ဆောင်ရွက်နေသည့် အခြေအနေများအား လိုက်လံကြည့်ရှုအားပေး



**နေပြည်တော် ဒီဇင်ဘာ ၄**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး၊ မဲပေးခြင်းသည် နိုင်ငံသားများမှ အမျိုးသားရေးတာဝန်ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် မဲပေးပိုင်ခွင့်အခွင့်အရေးပြည့်ဝစွာရရှိရေး၊ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ဒေသခံပြည်သူများ မဲစာရင်းမှန်ကန်စေရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မကျန်ရှိစေရေးအတွက် ရပ်ကွက်နှင့် ကျေးရွာများအလိုက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူမဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေး Door to Door စနစ်ဖြင့် မြေပြင်တစ်အိမ်တက်ဆင်း၍ လိုက်လံကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အောင်နန်းရိပ်သာရပ်ကွက်၊ တနိုင်းမြို့နယ် ကင်ဆားရာရပ်ကွက်၊ ဒူကောင်းရပ်ကွက်နှင့် ဆင်ဆာ့ကောင်းရပ်ကွက်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၉)ရပ်ကွက်၊ အမှတ် (၁၀) ရပ်ကွက်နှင့် အမှတ်(၁၂)ရပ်ကွက်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ ညောင်ရွှေဟော်ကုန်းရပ်ကွက်၊ ကံကြီးရပ်ကွက်၊ ကျောင်းကြီးစု ရပ်ကွက်၊ ကလောမြို့နယ် မြင်းမထိရွာ၊ အောင်ပန်းမြို့ မင်္ဂလာရပ်ကွက်၊ နမ့်စန်မြို့ရှိ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၄)ရပ်ကွက်၊ ခိုလမ်မြို့ရှိအမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၆)ရပ်ကွက်တို့၌လည်းကောင်း Door to Door စနစ်ဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက တစ်အိမ်တက်ဆင်းမြေပြင်ကွင်းဆင်း မဲစာရင်းတိုက်ဆိုင်စစ်ဆေးမှုများ ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး ရပ်ကွက်/ကျေးရွာများအလိုက် ကွင်းဆင်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မေးမြန်းကာ မဲဆန္ဒရှင်ပြည်သူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## သဃ်န်းကျွန်းမြို့နယ်၌ “ဒို့အတူတူမဲပေးကြမယ်” မြေစိုက်ပိုစတာ စိုက်ထူ

**သဃ်န်းကျွန်း ဒီဇင်ဘာ ၄**

ရွေးကောက်ပွဲ ဆိုင်ရာ လက်ကမ်းစာစောင်များ၊ မြေစိုက်ပိုစတာများအား သဃ်န်းကျွန်းမြို့နယ် လူစည်ကားရာနေရာများ၌ ယနေ့နံနက်ပိုင်းမှစတင်၍ ဖြန့်ဝေ၊ စိုက်ထူပေးလျက်ရှိသည်။

**စိုက်ထူ**

ထိုသို့ ဖြန့်ဝေပေးရာတွင် “ဒို့အတူတူမဲပေးကြမယ်” ပိုစတာ ၁၀ ခုတို့အား သဃ်န်းကျွန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုး၊ သဃ်န်းကျွန်း မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများက သဃ်န်းကျွန်းမြို့နယ် ကျွန်းမာလာပန်းခြံ၊ စံပြဈေး၊ မြို့နယ်လျှပ်စစ်ရုံးရှေ့၊ မြန်မာ့စီးပွားရေးဘဏ်ရှေ့၊ သုဝဏ္ဏလမ်းဆုံ၊ သုဝဏ္ဏဈေးရှေ့၊ ကမာကြည်ဖူဆယ်ဘောလုံးကွင်းရှေ့၊ ပြည်ထောင်စုပန်းခြံနှင့် သုဝဏ္ဏပန်းခြံတို့တွင် စိုက်ထူခဲ့ကြောင်း သိရသည်။

ဇော်မိုး (သဃ်န်းကျွန်း)

## ကျောက်တံတားမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးမြေစိုက်ပိုစတာများ စိုက်ထူ

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန် တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လှုံ့ဆော်ရေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မြေစိုက်ပိုစတာများစိုက်ထူခြင်းနှင့် Vinyl ပိုစတာများ ချိတ်ဆွဲခြင်းများကို ယမန်နေ့ ညနေပိုင်းက ဆောင်ရွက်ကြသည်။





ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးထွေးဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ကျောက်တံတားမြို့နယ်အတွင်းရှိပြည်သူများနှင့်ခရီးသွားပြည်သူများအား ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး လူစည်ကားရာ နေရာများဖြစ်သည့် ဆူးလေရင်ပြင်နှင့် ဈေး၊ နေပြည်တော်ရုပ်ရှင်ရုံ၊ ရွှေဆောင်ရုပ်ရှင်ရုံ၊ ဆာကူရာ တာဝါ၊ မဟာဗန္ဓုလလမ်းရှိ ရောဝတီဘဏ်၊ 1 Stop Mart၊ သွင်ရုပ်ရှင်ရုံ၊ ဆိပ်ကမ်းသာလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်ရှိ 1 Stop Mart၊ မဟာဗန္ဓုလလမ်းနှင့် လမ်း ၄၀ ရှိ စိန်ဂေဟာဈေးဝယ်စင်တာတို့တွင် “ဒို့အတူတူမဲပေးစို့ ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့” စာတန်းပါ ပိုစတာများချိတ်ဆွဲခြင်းများဆောင်ရွက်ခဲ့ကြပြီး မြို့တော်ခန်းမရှေ့၌ မြေစိုက်ပိုစတာစိုက်ထူခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကင်းမြို့နယ်၌ “ဒို့အတူတူမဲပေးကြမယ်” မြေစိုက်ပိုစတာစိုက်ထူ



**ရန်ကင်း ဒီဇင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ရန်ကင်းမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူများပိုမိုပါဝင်၍ မဲပေးနိုင်ရေးအတွက်ရွေးကောက်ပွဲအောင်မြင်ရေး “ဒို့အတူတူ မဲပေးကြမယ်” မြေစိုက်ပိုစတာများစိုက်ထူခြင်းကို ယနေ့ နံနက်ပိုင်းက လမ်းဆုံ၊ လမ်းခွများနှင့် လူစည်ကားရာနေရာများ၌ ဆောင်ရွက်ကြသည်။

**မြေစိုက်ပိုစတာများစိုက်ထူ**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းလတ်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မြို့နယ် လူစည်ကားရာနေရာ ၁၀ နေရာတွင် “ဒို့အတူတူ မဲပေးကြမယ်” မြေစိုက်ပိုစတာများ စိုက်ထူပေးခဲ့ကြောင်း သိရသည်။

လှလှထွေး (ပြန်/ဆက်)



ရောဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦး ဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လျှပ်စစ်ဌာနမှဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက ဒီဇင်ဘာ ၄ ရက်တွင် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးစဉ်။

မင်းထက်သာ

## ရေတာရှည်မြို့နယ်၌ မြို့နယ်အဆင့် ဘက်စုံလူရည်ချွန်ရွေးချယ်ရေး စာမေးပွဲကျင်းပ

**ရေတာရှည် ဒီဇင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ရေတာရှည်မြို့ အခြေခံပညာအထက်တန်းကျောင်း သိပ္ပံခန်းမ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်ရေး စာမေးပွဲကို ဒီဇင်ဘာ ၃ ရက်မှ ၅ ရက်အထိ နံနက် ၉ နာရီတွင် ကျင်းပသည်။

မြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်ရေးစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာဘာသာရပ်ရေးဖြေစစ်ဆေးမှုကို ကျောင်းကိုးကျောင်းရှိ G-9 မှ G-12 အထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၄ ဦးတို့ ဝင်ရောက်ဖြေဆိုကြသည်။

အဆိုပါ လူရည်ချွန်ရွေးချယ်ရေးစာမေးပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်း ကြီးကြပ်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်သက်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ရေတာရှည်(ပြန်/ဆက်)

# တရုတ်နိုင်ငံသားများအား ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ပြုသည့်အမိန့် ရုရှားအတည်ပြု

**မော်စကို ဒီဇင်ဘာ ၄**

ရုရှားနိုင်ငံသို့ အလည်အပတ်ခရီးနှင့် လုပ်ငန်းကိစ္စများအတွက် လာရောက်မည့် တရုတ်နိုင်ငံသားများအတွက် ပြည်ဝင်ခွင့်ဗီဇာ ကင်းလွတ်ခွင့်ပြုသည့် အမိန့်ကို ဒီဇင်ဘာ ၁ ရက်တွင် ရုရှားသမ္မတဗလာဒီမာပူတင်က လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ကြောင်း သိရသည်။ ရက်ပေါင်း ၃၀ အထိ ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

၎င်းအမိန့်အရ ရုရှားနိုင်ငံသို့ လာရောက်သည့် တရုတ်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူ ခရီးသွားများအား မိသားစုကိစ္စ၊ လုပ်ငန်းကိစ္စ၊ အလည်အပတ်ခရီးနှင့် သိပ္ပံ၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စီးပွားရေးနှင့် အားကစားဆိုင်ရာအခမ်းအနားများတွင် ပါဝင်တက်ရောက်ရန် ၃၀ ရက်ထက်မပိုသည့် ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ကို၂၀၂၆ခုနှစ် စက်တင်ဘာ ၁၄ရက်အထိ ရရှိမည်ဖြစ်သည်။ သို့ရာတွင် ယခုကင်းလွတ်ခွင့်တွင် ရုရှားနိုင်ငံ၌ လာရောက်အလုပ်လုပ်သည့် တရုတ်နိုင်ငံသားများနှင့် ပညာသင်ကြားသူများအတွက် မပါဝင်ကြောင်း သိရသည်။ ယခုကဲ့သို့ တရုတ်နိုင်ငံသားများအား ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ပြုသည့် စနစ်ကြောင့် နွေရာသီတွင် တရုတ်ခရီးသွားများ ရုရှားနိုင်ငံသို့လာရောက်မှု ၄၀ရာခိုင်နှုန်းခန့် မြင့်တက်လာမည်ဖြစ်ကြောင်း ရုရှားခရီးသွားလုပ်ငန်းအဖွဲ့တာဝန်ရှိသူ အလက်ဇန္ဒားမူဆီကင်က ပြောသည်။

ယခုဆောင်ရွက်ချက်သည် ရုရှားခရီးသွားလုပ်ငန်းက ကာလရှည်ကြာစောင့်မျှော်နေသည့်ဆောင်ရွက်ချက်ဖြစ်ပြီး နိုင်ငံအတွင်းသို့ တရုတ်ခရီးသွားများလာရောက်မှု နှစ်ဆမြင့်တက်လာမည်ဖြစ်ကြောင်း ရုရှားခရီးသွားလုပ်ငန်းတာဝန်ရှိသူ အလက်ဇန္ဒား ဗရာဂင်က ပြောသည်။ တရုတ်ခရီးသွားများသည် ရုရှားနိုင်ငံသို့ အလည်အပတ်ခရီးလာရောက်သူများတွင် အများဆုံးဖြစ်ကာ ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ပေးသည့်ဆောင်ရွက်ချက်ကြောင့် ရှေ့နှစ်အစောပိုင်းတွင် တရုတ်ခရီးသွားနှစ်သန်း ရုရှားနိုင်ငံသို့ လာရောက်မည်ဟုယုံကြည်ကြောင်း ရုရှားစီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူ နီကီတာ ကွန်ဒရာယက်က ပြောသည်။

တရုတ်နိုင်ငံကလည်း ယခုနှစ် စက်တင်ဘာ ၂ ရက်တွင် သာမန်နိုင်ငံသားလက်မှတ် ကိုင်ဆောင်ထားသူ ရုရှားနိုင်ငံသားများအား ရက် ၃၀အထိ ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ပြုခြင်းကို စမ်းသပ်ကာလသက်တမ်းတစ်နှစ် သတ်မှတ်ကာ စက်တင်ဘာ ၁၅ ရက်တွင် အတည်ပြုဆောင်ရွက်ခဲ့သည်။ ခွင့်ပြုသည့်ခရီးများမှာ လုပ်ငန်းကိစ္စ၊ အလည်အပတ်၊ ဆွေမျိုးများထံသွားရောက်ခြင်း၊ အပြန်အလှန် အလည်အပတ်ခရီးများနှင့် ခရီးတစ်ဖြတ်ရပ်နားရာနေရာအဖြစ် ဝင်ရောက်ခြင်းတို့ဖြစ်သည်။



ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# ဂျပန်နိုင်ငံ၏ ပြည်ပအကူအညီပေးရေး အေဂျင်စီက သီရိလင်္ကာနိုင်ငံသို့ ဆေးအဖွဲ့တစ်ဖွဲ့ စေလွှတ်

**တိုကျို ဒီဇင်ဘာ ၄**

ပြီးခဲ့သည့် သီတင်းပတ်က မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးခြင်းနှင့် မြေပြိုခြင်းများကြောင့် အဆိုးရွားဆုံး ထိခိုက်ခံစားရသည့် သီရိလင်္ကာနိုင်ငံသို့ ဂျပန်နိုင်ငံ၏ ပြည်ပအကူအညီပေးရေး အေဂျင်စီက ဆေးအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့ကြောင်း သိရသည်။




သီရိလင်္ကာနိုင်ငံ၌ သေဆုံးသူ ၄၆၅ ဦးရှိပြီး ၃၆၀ ကျော် ပျောက်ဆုံးလျက်ရှိကြောင်း နိုင်ငံ၏ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဌာနက ပြောသည်။

ဆေးအဖွဲ့မှ အဖွဲ့ဝင် ၃၀ ခန့်သည် ဒီဇင်ဘာ ၃ ရက်တွင် တိုကျိုမြို့ရှိ ဟာနီဒါ လေဆိပ်မှ သီရိလင်္ကာနိုင်ငံသို့ ထွက်ခွာခဲ့သည်။

ဂျပန်နိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး ပီဗီသူရှုဂျာနက်ကူမာရာဆင်းနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ JICA မှ တာဝန်ရှိသူများက အဆိုပါဆေးအဖွဲ့အား တွေ့ဆုံခဲ့သည်။

သဘာဝဘေးအန္တရာယ်ခံစားနေရသည့်အချိန်တွင် လာရောက်ကူညီပေးသည့် ဂျပန်ဆေးအဖွဲ့အား အလွန်ကျေးဇူးတင်ရှိပါကြောင်း သံအမတ်ကြီးက ပြောကြားခဲ့သည်။

ဆေးဘက်ဆိုင်ရာစောင့်ရှောက်မှုလိုအပ်နေသူများကို အစွမ်းကုန်ကူညီစောင့်ရှောက်မည် ဖြစ်ကြောင်း ဆေးဘက်ဆိုင်ရာအဖွဲ့ခေါင်းဆောင် အီဝါဆီ ကီချီရိုက ပြောကြားခဲ့သည်။

အဆိုပါအဖွဲ့က အဆိုးရွားဆုံး ထိခိုက်ခံစားနေရသည့် အနောက်ဘက် ချီလောမြို့ရှိ ထိခိုက်ဒဏ်ရာရသူများကို ဆေးကုသမှုများပေးမည် ဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဗီယက်နမ်နိုင်ငံ၌ အီး-ဗီဇာအသုံးပြုနိုင်သည့် အပြည်ပြည်ဆိုင်ရာနယ်စပ်ဂိတ် ၄၁ ခု၏ စာရင်း ထပ်မံထုတ်ပြန်

**ဟနွိုင်း ဒီဇင်ဘာ ၄**

ဗီယက်နမ်အစိုးရက နိုင်ငံခြားသားများ ဝင်ခွင့်နှင့် ထွက်ခွင့်အတွက် အီး-ဗီဇာ အသုံးပြုနိုင်သည့် အပြည်ပြည်ဆိုင်ရာနယ်စပ်ဂိတ် ၄၁ ခု၏စာရင်းကို ထပ်မံထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အသစ်ထပ်တိုးစာရင်းတွင် လေဆိပ်လေးခု၊ ကုန်းတွင်းနယ်စပ်ဂိတ် ၁၁ ခုနှင့် ဆိပ်ကမ်း ၂၆ ခုတို့ ပါဝင်သည်။

၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်က အီး-ဗီဇာ အသုံးပြုရန် အရည်အချင်းပြည့်မီသော နိုင်ငံတကာ နယ်စပ်ဂိတ် ၄၁ ခုကို အတည်ပြုခဲ့သည်။

လက်ရှိထုတ်ပြန်ခဲ့သည့် နယ်စပ်ဂိတ် ၄၁ ခုနှင့်အတူ အီး-ဗီဇာ လက်ခံသည့် နိုင်ငံတကာ နယ်စပ်ဂိတ်ပေါင်း ၈၃ ခုအထိ ရှိလာကြောင်း ဗီအင်န်အိတ်စပရက်စ်က သတင်းဖော်ပြခဲ့သည်။

အီး-ဗီဇာသည် ၎င်း၏ထုတ်ပေးသည့်ပုံစံနှင့် လျှောက်လွှာလုပ်ငန်းစဉ်နှစ်ခုစလုံးတွင် သမားရိုးကျဗီဇာလျှောက်ထားမှုပုံစံနှင့် ကွဲပြားမှုရှိသည်။

နိုင်ငံခြားသားများသည် ယခင်ကလုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်ရန်မလိုအပ်ဘဲ အွန်လိုင်းမှ ဝင်ခွင့်လျှောက်လွှာများ တင်သွင်းနိုင်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**




# ဗီယက်နမ်နိုင်ငံရှိကျောင်းများတွင် ဉာဏ်ရည်တုနည်းပညာသင်ခန်းစာများ သင်ကြားမည်

**ဟနွိုင်း ဒီဇင်ဘာ ၄**

ဗီယက်နမ်နိုင်ငံရှိ ကျောင်းများတွင် သင်ကြားနေသည့် သင်ရိုးညွှန်းတမ်းများတွင် ယခုလမှစတင်၍ ဉာဏ်ရည်တုနည်းပညာ သင်ခန်းစာများကို စမ်းသပ်အစီအစဉ်ဖြင့် ထည့်သွင်းသင်ကြားမည်ဟု ပညာရေးဝန်ကြီးဌာနက ပြောသည်။

ပထမတန်းမှ ၁၂တန်းကျောင်းသားများအထိကျောင်းသားများအား သင်ကြားပေးမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ရွေးချယ်သတ်မှတ်ထားသည့်ကျောင်းအချို့တွင် စတင်သင်ကြားမည်ဖြစ်ကာ အစီအစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေးအတွက် ရလဒ်ပြန်လည်သုံးသပ်ခြင်းများကို ဆောင်ရွက်မည်ဖြစ်သည်။

အခြေခံအဆင့်တွင် ရုပ်သံဖိုင်အက်ပလီကေးရှင်းများဖြင့်ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အသိပညာများကို ဖြန့်ဖြူးပေးမည်ဖြစ်ကာ အထက်တန်းအဆင့်တွင် ဉာဏ်ရည်တုနည်းပညာသုံးစွဲ၍ အခက်အခဲများကို ရင်ဆိုင်ခြင်းအပါအဝင် ဉာဏ်ရည်တုနည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန် သင်ကြားပေးမည်ဖြစ်သည်။

ဆရာများအနေဖြင့်လည်း ဉာဏ်ရည်တုနည်းပညာအသုံးပြု၍ စာသင်ခန်းကို စီမံခန့်ခွဲခြင်းအပါအဝင် သင်ခန်းစာရေးဆွဲခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**ကိုးကား-VN Express**
**ဘာသာပြန်-စိုးသူရ**

# ယီမင်ဟူသီအဖွဲ့ က ထိန်းသိမ်းထားသည့် သင်္ဘောသားများကို ပြန်လွှတ်ပေး

**ဆာနာ ဒီဇင်ဘာ ၄**

ယီမင်ဟူသီအဖွဲ့က ပင်လယ်နီအတွင်းရှိ ကုန်တင်သင်္ဘောတိုက်ခိုက်ခဲ့ခြင်းဖြစ်ရပ်မှ ထိန်းသိမ်းထားသည့် သင်္ဘောသား ၁၀ ဦးကို ပြန်လွှတ်ပေးခဲ့ကြောင်း ယမန်နေ့တွင် ပြောကြားသည်။

ပြန်လွှတ်ပေးသည့် သင်္ဘောသားများတွင် ဖိလစ်ပိုင်နိုင်ငံသား ကိုးဦးပါဝင်သည်။

အီတာနတီသင်္ဘောမှ သင်္ဘောသားများကို ပြန်လွှတ်ပေးရာတွင် အိုမန်က ကြားဝင်စေ့စပ်ပေးခဲ့ပြီး ၎င်းတို့အား ဆာနားမှ အိုမန်မြို့တော် မူစကက်သို့ ပို့ဆောင်ပေးခဲ့သည်။

၎င်းသင်္ဘောသည် ဇူလိုင် ၉ ရက်တွင် နစ်မြုပ်ခဲ့ပြီး သင်္ဘောသားများအား လုံခြုံသည့်နေရာတွင် ထိန်းသိမ်းထားကြောင်း ဟူသီအဖွဲ့က ပြောသည်။ လိုက်ဘေးရီးယားအလံလွှင့်ထားသည့် ၎င်းသင်္ဘောအား ယီမင် ဟူဒီ လက်ကမ်းခြေမှ ရေမိုင် ၅၀မိုင်အကွာတွင် ဟူသီအဖွဲ့က ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့သည်။ ဟူသီအဖွဲ့သည် ဂါဇာဒေသတွင် အစ္စရေး၏ တိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် ၂၀၂၃ခုနှစ် နိုဝင်ဘာလမှ စတင်၍ ပင်လယ်နီအတွင်း အစ္စရေးနှင့်သက်ဆိုင်သည့် ်သင်္ဘောများကို တိုက်ခိုက်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



## ပင်လောင်းမြို့နယ်၌ ပွင့်ဖူးဆဲဘိန်းခင်းများ ဖျက်ဆီး

ပင်လောင်း ဒီဇင်ဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် စင်တောင်းကျေးရွာအုပ်စု ထီတလိကျေးရွာအနောက်ဘက် နှစ်မိုင်ခွဲခန့်အကွာတွင် ပွင့်ဖူးဆဲဘိန်းခင်းများကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းကစတင်ကာ မွန်းလွဲပိုင်းအထိ စုပေါင်းဖျက်ဆီးခဲ့ကြသည်။

ပွင့်ဖူးဆဲဘိန်းခင်းများကို ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်ကျော်ကျော်ဟန် ဦးစီး၍ နယ်မြေခံတပ်မှ နည်းပြမှူးချုပ် ဒုတိယဗိုလ်မှူးကြီးကျော်စွာဗိုလ်နှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၂)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ကျော်စိန်ဝင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှုအဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဌေးအောင်၊ ပင်လောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဇော်ထက်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမိုးထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ၊ ဌာနေပြည်သူ့စစ် (PNO)တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ထီတလိကျေးရွာတာဝန်ရှိသူများနှင့် ရွာသူ ရွာသားများက အမြင့်နှစ်ပေခွဲခန့်ရှိ ဘိန်းစိုက်ခင်း ၃၅ ဧကကို စုပေါင်းဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြခြင်း ဆောင်ရွက်

မင်းတုန်း ဒီဇင်ဘာ ၄

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ယမန်နေ့က ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးမှူးက မီးလောင်မှုအခြေခံသဘောတရားများ၊ မီးငြိမ်းသတ်နည်းများ၊ မီးစတင်လောင်ကျွမ်းရသည့်အကြောင်းအရင်းများ၊ မီးအတန်းအစားများနှင့် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ လိုက်နာရမည့် စည်းကမ်းချက်များကို ဟောပြောပို့ချသည်။ ထို့နောက် ဒုတိယမီးသတ်ဦးစီးမှူးနှင့်အဖွဲ့က မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ပြသခြင်း၊ အဝတ်စိုအသုံးပြု၍ လက်တွေ့ငြိမ်းသတ်ပြသခြင်းနှင့် မီးသတ်ယာဉ်ဖြင့် ရေပက်ဖျန်းပြသခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ချင်းကလေး(NRDC)**

## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၄

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် အင်းစိန်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ အင်းစိန်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲထွန်းဇော်က အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မေသန္တာက အခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင် ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)က သုတ၊ ရသ၊ စာအုပ်မျိုးစုံ အုပ်ရေ ၁၀၀ ကို ကျောင်းစာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းကာ စာဖတ်ခြင်း၏အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ လူငယ်နှင့် စာပေ၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့် ယဉ်ကျေးမှု စသည့်ခေါင်းစဉ်များဖြင့် ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့က ဆွေးနွေးဟောပြောခဲ့ကြပြီး ဦးဆောင်ဆွေးနွေးသူများနှင့် ကျပန်း၊ ကဗျာ၊ ပုံပြော၊ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

## မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စာအုပ်များ လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၄

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စာအုပ်၊ စာစောင်များ လှူဒါန်းခြင်းအခမ်းအနားကို ဒီဇင်ဘာ ၃ ရက်က ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်(၂၂၈)ရှိမြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် စာအုပ်အလှူရှင်များက စာအုပ်များလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ဗိုလ်မှူးကြီး ဇော်ထွန်း(ငြိမ်း)(စာရေးဆရာ နီမင်းညို)နှင့် စစ်ကိုင်းတိုင်းဒေသကြီး စာကြည့်တိုက်များ ဖောင်ဒေးရှင်းကိုယ်စား တိုင်းတာဝန်ခံ ဦးညွန့်လှိုင်တို့က စာအုပ်များ




ပေးအပ်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင်ကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ယနေ့လှူဒါန်းမှုတွင် စာအုပ်ပေါင်း အုပ်ရေ ၅၀၀ ကျော် တန်ဖိုးငွေကျပ် ၃၉၀၀၀၀၀ ကျော်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြကုန်းကျေးရွာ၌ မိုးစပါးစံကွက်ရိတ်သိမ်း၊ တစ်ဧကအထွက်နှုန်း ၁၁၅ ဒသမ ၇၀ တင်းထွက်ရှိ



လှိုင်းဘွဲ့ ဒီဇင်ဘာ ၄

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်း မိုးစပါးတစ်ဧကအထွက်နှုန်းမှန်ကန်စွာရရှိနိုင်ရေး ကွင်းအလိုက်၊ မျိုးကွဲအလိုက်၊ ရေသောက်နည်းလမ်းအလိုက် စံကွက်များရိတ်သိမ်းလျက်ရှိရာ ဒီဇင်ဘာ ၃ ရက် မွန်းလွဲပိုင်းက ဒိုင်းပြကုန်းကျေးရွာ တောင်သူဒေါ်နှင်းမှုံ၏ လယ်မြေရှိ မိုးစပါး(အောင်နိုင်တိုး)ကို စံကွက်ရိတ်သိမ်းခဲ့ကြသည်။

ထိုသို့ စံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြေစာရင်းဦးစီးဌာနမှဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ စုပေါင်း၍ စံကွက်ရိတ်သိမ်းရာ တစ်ဧကအထွက်နှုန်း ၁၁၅ ဒသမ ၇၀ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

ဟသ်ာတ ဒီဇင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်ရှိ ဟသ်ာတတက္ကသိုလ် ပင်မလေးထပ်ဆောင် ဘွဲ့နှင်းသဘင်ခန်းမတွင် ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြပွဲအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဥက္ကာက မီးဘေးအန္တရာယ်မဖြစ်ပွားစေရေး ဆောင်ရန်၊ ရှောင်ရန်များကို အသိပညာပေးဟောပြောသည်။ ထို့နောက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက အခမ်းအနားသို့ တက်ရောက်လာသူများအား မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကာ ဆရာ



ဆရာမများ၊ ကျောင်းသား ကျောင်းသူများက မီးသတ်ဆေးဘူးလက်တွေ့အသုံးပြုနည်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းတို့ကို သရုပ်ပြလေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သရက်မြို့နယ်၌ မီးဘေးလုံခြုံရေး စစ်ဆေး

သရက် ဒီဇင်ဘာ ၄

သရက်မြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လက်ရှိရာ နိုဝင်ဘာ ၂၈ ရက်တွင် သရက်မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာနရုံးအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို သရက်မြို့နယ် မီးသတ်ဦးစီးမှူး၊ ဦးစီးအရာရှိ ဦးဝေဖြိုးအောင်နှင့် မီးဘေးလုံခြုံရေး စစ်ဆေးရေးအဖွဲ့က ကွင်းဆင်းစစ်ဆေး အကြံပြုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကောင်းစစ်နိုင်**



**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park အပိုင်း(၃)အား ဖောက်ခွဲဖျက်ဆီးမှု။




ကရင်ပြည်နယ် မြဝတီမြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများ ဖမ်းဆီးရရှိသည့်နေရာ။

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၂၉၇ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ မြဝတီမြို့ အမှတ်(၃)ရပ်ကွက်တွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုကျူးလွန်သူ ၂၄၈ ဦး ထပ်မံဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၄

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းနှင့် ချိပ်ပိတ်သိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ ၂၉၇ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများဖြစ်သော နှစ်ထပ်အဆောက်အအုံ တစ်လုံး၊ သုံးထပ်အဆောက်အအုံ နှစ်လုံး၊ လေးထပ်အဆောက်အအုံ တစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ လေးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃) နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ ၁၄၉ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၂၉၇ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။



မြဝတီမြို့ တရားမဝင်အွန်လိုင်းလောင်းကစားဝင်းအတွင်း ထိန်းသိမ်းထားသူများကို တွေ့ရစဉ်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၇၈ ဦးကိုလည်း ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေး တံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးအပ်သည်။

အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများအား အင်တိုက်အားတိုက်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရှာဖွေဖမ်းဆီး အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီမြို့ရှိ လုံခြုံရေးပူးပေါင်းအဖွဲ့များက သတင်းအရ မြဝတီမြို့ဝန်းကျင်တွင် ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ အမှတ်(၃)ရပ်ကွက်တွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများကျူးလွန်လျက်ရှိကြသည့် တရုတ်နိုင်ငံသား ၂၅ ဦး၊ မြန်မာနိုင်ငံသား ၂၂၃ ဦး စုစုပေါင်း ၂၄၈ ဦးအား တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုများတွင် အသုံးပြုသည့် ကွန်ပျူတာမျိုးစုံ ၈၂ လုံး၊ မိုဘိုင်းဖုန်း ၉၂ လုံးနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အဆိုပါ ဖမ်းဆီးရမိသူများအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများ နေထိုင်လုပ်ကိုင်ခဲ့ကြသည့် သုံးထပ် အဆောက်အအုံ ငါးလုံး၊ တစ်ထပ်အဆောက်အအုံ သုံးလုံး စုစုပေါင်း ရှစ်လုံးတို့အား စစ်ဆေးတွေ့ရှိခဲ့ရပြီး ပြန်လည်အသုံးချမှုမရှိစေရေးအတွက် သုံးထပ်အဆောက်အအုံ တစ်လုံးကို ယနေ့တွင် စတင်၍ စနစ်တကျဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၉၄၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၁၂၃၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၇၀၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝ အခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



မြဝတီမြို့၌ သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။





KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံ မဖြိုဖျက်မီ(ဝဲပုံ)နှင့် ဖြိုဖျက်ပြီး(ယာပုံ)ကို တွေ့ရစဉ်။

# အုတ်တွင်းမြို့နယ်၌ ဆောင်းဆီထွက်သီးနှံ မြေပဲစိုက်ပျိုးထားရှိမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

အုတ်တွင်း ဒီဇင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် သမဝါယမဦးစီးဌာနက ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်တွင် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်းဆီထွက်သီးနှံ မြေပဲစိုက်ပျိုးထားရှိမှု အခြေအနေများကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**လမ်းညွှန်မှာကြား**

ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ချောစုလှိုင်နှင့် အဖွဲ့သည် ငွေးတောက်ခင်ကျေးရွာ ရှမ်းစုစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသား ၃၂ ဦး၏ စိုက်ဧက ၁၆၀ တွင် ဆောင်းဆီထွက်သီးနှံ မြေပဲစိုက်ပျိုးထားရှိမှုအခြေအနေ၊ ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်သွားရန်နှင့် လာမည့်နွေစပါးစိုက်ရာသီတွင် အထွက်နှုန်းကောင်းသည့် ရေဆင်းပေါ်ဆန်း(၁)နှင့် ပေါ်ဆန်း(၂)တို့အား ပြောင်းလဲစိုက်ပျိုးရေးနည်းလမ်းကောင်းများကို ဆောင်ရွက်စေရေး တောင်သူများနှင့် တွေ့ဆုံ၍ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

# ကျေးရွာပေါင်း ၃၀ ကို အကျိုးပြုသည့် ကြခတ်ကုန်းတံတားဖွင့်ပွဲ ကျင်းပ



**ဝါးခယ်မ ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကြခတ်ကုန်းကျေးရွာအုပ်စု ပဆငမှ ကြခတ်ကုန်း - ကျောင်းစု - ကလ ကျေးရွာချင်းဆက် လမ်းပေါ်တွင်တည်ရှိသော ကြခတ်ကုန်းတံတားဖွင့်ပွဲကို ယနေ့ညနေ ၄ နာရီက ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်စန်းချစ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲခေါင်ထွန်းတို့က ကြခတ်ကုန်းတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာသော ဧည့်သည်တော်များအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်က အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက တံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ကြခတ်ကုန်းတံတားသည် အရှည် ပေ ၆၀၊ အကျယ်ပေ ၂၀ ရှိသံကူကွန်ကရစ်တံတားဖြစ်ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တံတားတည်ဆောက်ခြင်း(ပထမပိုင်း)ကို လည်းကောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တံတားတည်ဆောက်ခြင်း(ဒုတိယပိုင်း)လုပ်ငန်းကို လည်းကောင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကြခတ်ကုန်းတံတား၏ စုစုပေါင်း တန်ဖိုးမှာ ကုန်ကျငွေ ကျပ်သန်း စုစုပေါင်း ၃၂၉ သန်းရှိခဲ့ပြီး ကျေးရွာ ၃၀၊ အိမ်ခြေ ၁၅၀၀ နှင့် လူဦးရေ ၅၂၅၀ တို့အတွက် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကုန်စည်ပို့ဆောင်ရေးတို့ကို များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

လှမ်းသီဟ(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ လျိုကျိုးမြို့ရှိ စက်မှုပြတိုက်နှင့် Liu Gong စက်ရုံတွင် အကြီးစားလုပ်ငန်းသုံး EV ထုတ်လုပ်ရေး လေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၄**

လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက လျိုကျိုးမြို့ စက်မှုပြတိုက်သို့ သွားရောက် လေ့လာကြည့်ရှုသည်။



ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လျိုကျိုးမြို့ရှိ စက်မှုပြတိုက်သို့ ရောက်ရှိရာ ကြီးကြပ်ရေးမှူး Ms. Cai Wen နှင့် တာဝန်ရှိသူများက ၁၉၈၂ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ ပထမဆုံးကားတစ်စီးကို စတင်ထုတ်လုပ်နိုင်ခဲ့ရာမှ လက်ရှိအချိန်အထိ အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့် စက်မှုကုန်များကို ဆက်လက်ထုတ်လုပ်လျက်ရှိမှု၊ လုပ်ငန်းများ အောင်မြင်တိုးတက်နေမှုများနှင့် EV များ ထုတ်လုပ်နေမှု၊ ယခင်က စက်မှုလုပ်ငန်းများသာ ဆောင်ရွက်ခဲ့ရာမှ ယခုအခါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိမှုကို ရှင်းလင်းပြောကြားရာ ဒုတိယဝန်ကြီးက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အကြီးစားလုပ်ငန်းသုံး မော်တော်ယာဉ်များ ထုတ်လုပ်သည့် Liu Gong (လျူကုန်း) ကုမ္ပဏီအုပ်စုသို့ ရောက်ရှိရာ စီနီယာ ဒါရိုက်တာ Ms. Xiang Lin က လုပ်ငန်းလည်ပတ် ဆောင်ရွက်နေမှုများကို ထုတ်လုပ်ရေးစက်ရုံနှင့် Kui Gong R&D Center ၌ ရှင်းလင်းပြသပြီး ဒုတိယဝန်ကြီးက သိရှိလိုသည်များကိုပြန်လည်မေးမြန်းဆွေးနွေးခဲ့ကာ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြကြောင်း သိရသည်။

သတင်းစဉ်

# မကွေးပညာရေးဒီဂရီကောလိပ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် သင်ခန်းစာများ သင်ကြားလျက်ရှိ

**မကွေး ဒီဇင်ဘာ ၄**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်သင်ပညာဦးစီးဌာန မကွေးပညာရေးဒီဂရီကောလိပ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပထမနှစ်မှ စတုတ္ထနှစ်အထိ နိုဝင်ဘာ ၂၄ ရက်မှစတင်၍ ဖွင့်လှစ်လျက်ရှိရာ ယနေ့အထိ ကျောင်းသား ကျောင်းသူ ၁၂၀၀ ခန့် တက်ရောက်သင်ကြားလျက်ရှိသည်။

မကွေးပညာရေးဒီဂရီကောလိပ်တွင် တက်ရောက်သင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများသည် စတုတ္ထနှစ် အောင်မြင်ပြီးစီးပါက B.A(Education)နှင့် B.Sc(Education)ဘွဲ့များ အပ်နှင်းခံရပြီး အခြေခံပညာကျောင်းများတွင် လိုအပ်လျက်ရှိသော အလယ်တန်းပြဆရာ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)



# သံဖြူဇရပ်မြို့နယ်၌ မူလတန်းကြိုကျောင်းများ ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပ

**သံဖြူဇရပ် ဒီဇင်ဘာ ၄**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူးကျင်းပသော ဉာဏစွမ်းရည်ပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီမှစတင်၍ သံဖြူဇရပ်မြို့ အောင်ဇေယျရပ်ကွက်ရှိ မြို့လယ်ပန်းခြံဝင်းအတွင်း ကျင်းပသည်။



ဦးစွာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမာက အမှာစကားပြောကြားပြီး ပြိုင်ပွဲကျင်းပရာ မြို့နယ်အတွင်းရှိ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်း ၁၀ ကျောင်းမှ ဆေးရောင်ခြယ်ပန်းချီ ပြိုင်ပွဲဝင် ၁၀ ဦး၊ ကဗျာရွတ်ဆိုပြိုင်ပွဲဝင် ၁၀ ဦး၊ ပုံပြင်ပြောပြိုင်ပွဲဝင် ၁၀ ဦး၊ အဖွဲ့လိုက် သီချင်းဆိုပြိုင်ပွဲဝင် ၆၀ စုစုပေါင်း ပြိုင်ပွဲဝင် ရင်သွေးငယ် ၉၀ တို့က ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ဆုရရင်သွေးငယ်များအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မိုးလွင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမာနှင့် တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ကြပြီး ရင်သွေးငယ်များအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ကာ မူလတန်းကြိုကျောင်းပေါင်းစုံမှရင်သွေးငယ်လေးများက အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**တောင်ငူ ဒီဇင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဘာသာရပ်မိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)မှ ပါမောက္ခချုပ် ဒေါက်တာအိအိလှိုင်က မောင်မယ်သစ်လွင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒုတိယပါမောက္ခချုပ် ဒေါ်ကြူကြူဝင်းက ကျောင်းစည်းကမ်းဆိုင်ရာ ဆုံးမသြဝါဒများ ပြောကြားသည်။



ယင်းနောက် ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)မှ ဌာနမှူးများနှင့် မိတ်ဆက်ပေးပြီး သက်ဆိုင်ရာ ပါမောက္ခ/ဌာနမှူးများက မောင်မယ်သစ်လွင်ကျောင်းသား ကျောင်းသူများအား တက္ကသိုလ်တွင် လက်ရှိကျင့်သုံးနေသော Credit System အကြောင်း၊ ကွန်ပျူတာသိပ္ပံနှင့် နည်းပညာဘာသာရပ်အကြောင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ Career Path များကို ရှင်းလင်းပြောကြားသည်။

ကွန်ပျူတာ တက္ကသိုလ်(တောင်ငူ)တွင် မောင်မယ်သစ်လွင် ပထမနှစ်ကျောင်းသား ကျောင်းသူ ၁၂၀ နှင့် စုစုပေါင်း ကျောင်းသားကျောင်းသူ ၅၂၃ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ **ဇော်ကိုကို(တောင်ငူ)**




## အထက်မြန်မာပြည် Amateur Open 2025 ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပပြီးစီး

ရန်ကုန် ဒီဇင်ဘာ ၄

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်၏ လမ်းညွှန်မှုဖြင့် အထက်မြန်မာပြည် ဂေါက်သီးအားကစားအဖွဲ့ချုပ် ဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် အထက်မြန်မာပြည် Amateur Open 2025 ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့နှင့် ဆုချီးမြှင့်ပွဲကို ယနေ့တွင် မန္တလေးမြို့ရှိ ရွှေမန်းတောင်ဂေါက်ကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဝါသနာရှင်အဆင့်(အမျိုးသမီး) ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ရာ အထက်မြန်မာပြည် ဂေါက်သီးအားကစား ဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ ဦးရွှေမြင့်က တတိယဆုရရှိသော ပြုံးပြုံးထွေး၊ အထက်မြန်မာပြည် ဂေါက်သီးအားကစားဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌဦးထွန်းထွန်းဦးက ဒုတိယဆုရရှိသော နန္ဒလင်းတို့အား ဆုပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အထက်မြန်မာပြည် ဂေါက်သီးအားကစားအဖွဲ့ချုပ် ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ကိုကိုက ပထမဆုရရှိသော ခင်ဇာနည်အောင်အား ပထမဆုဖလားနှင့် အထက်မြန်မာပြည် Amateur Open ချန်ပီယံဆုဖလား ပေးအပ်ချီးမြှင့်သည်။

